ကြေးမုံ
The Mirror Daily
Established in 1957

## ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 17 July 2020 ၁၀၀၇၆

# ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်းနှင့် ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရေး ရှင်းလင်းတင်ပြ

နေပြည်တော် ဇူလိုင် ၁၆

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ထံမှ ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၁၈၀ နှင့် ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးကိစ္စတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော အာရှရထားလမ်းမကြီးကွန်ရက်ဆိုင်ရာ အစိုးရချင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

**အာဇာနည်နေ့ တို့မမေ့**

စာမျက်နှာ » ၇

--------------------------------

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေး၌ နောက်ဆုံးပြောကြားသော ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်**

စာမျက်နှာ » ၈

--------------------------------

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၁

## သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် ရွှေစက်တော်အနီး၌ ဧက ၆၀ အကျယ် ဟိုတယ်ဇုန်တစ်ခု အကောင်အထည်ဖော်ရန် စီစဉ်နေ

မင်းဘူး ဇူလိုင် ၁၆

မင်းဘူးခရိုင် ရွှေစက်တော်သာသနာ့နယ်မြေအနီး၌ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် ဧက ၆၀ အကျယ် ဟိုတယ်ဇုန်တစ်ခုကို အကောင်အထည်ဖော်ရန် စီစဉ်နေကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိန်က ပြောသည်။

ရွှေစက်တော် သုံးမိုင်လမ်းခွဲ လှေတင်တံတားအကျော် ညာဘက်ဘေးရှိ မြေဧက ၆၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့က လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပေးထားသည်။

"ကွန်တိုမြေပုံဆွဲဖို့ ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ မြေပုံဆွဲပြီးမှ ဟိုတယ်ဇုန်မှာ လမ်းကြောင်းတွေဖော်မယ်။ အကွက်တွေရိုက်မယ်။ ဘယ်နေရာက သစ်တော၊ ဘယ်နေရာက ရေကန်၊ ဟိုတယ်တစ်လုံးကို ဘယ်နှဧကပေးမယ်ဆိုတာ စုပေါင်းညှိနှိုင်း အစီအစဉ်ဆွဲပြီးတော့ တင်ပြသွားပါမယ်။ တိုင်းဒေသကြီးအစိုးရရဲ့ လမ်းညွှန်ချက်ကိုယူပြီးတော့ ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်တိုင်ပင်ဆွေးနွေးမှာ ဖြစ်ပါတယ်" ဟု တိုင်းဦးစီးမှူး ဦးမြင့်စိန်က ပြောသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်းအား ဘုရားရှင်၏ ပါဒစက်တော်ရာနှစ်ဆူ ဒေသကိုအခြေပြု၍ တောတောင်သဘာဝများ၊ ဆင်စခန်း၊ ရွှေစက်တော်ဘေးမဲ့တောရှိ ရွှေသမင်နှင့် ကြယ်လိပ်၊ ငှက်ကြည့်စင်များ၊ အဆင့်မီဟိုတယ်၊ မိုတယ်များ၊ လက်ရာမြောက် ဝါးအိမ်လေးများဖြင့် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများကိုပါ ဆွဲဆောင်နိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၈၁၉ ပေတွင် တည်ရှိသည့် အပူပိုင်းဒေသ၏ အိုအေစစ်နတ်ရေကန်တောင်ဒေသ၏ သဘာဝအလှများ၊ ကော်ဖီခြံနှင့် အော်ဂဲနစ်စိုက်ခင်းများ၊ အရှိုချင်းတိုင်းရင်းသားတို့၏ ဓလေ့များ၊ ဒေသထွက်ကုန်နှင့် အစားအစာများက ပြည်ပဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **ဇေယျာတု(မကွေး)**

C B BANK
SME Bank of the Year 2020
လူကြီးမင်းတို့ ၏ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်တိုးချဲ့ရန်အတွက် CB Bank ၏ SME Term Loan နှင့် Working Capital Loan များကို ယခုပင် အမြန်ဆုံး လျှောက်ထားလိုက်ပါ။
www.cbbank.com.mm Contact Center: (95-1) 2317770

ကြေးမုံ

# တုနှိုင်းမမီသော လွတ်လပ်ရေးဗိသုကာ

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် အသက်ပေး၍ တိုက်ပွဲဝင်ခဲ့ပြီး ဖဆပလအဖွဲ့ချုပ် အလံတော်အောက်တွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပေါင်းရုံးညီညွတ်စွာ လှုပ်ရှားခဲ့သောကြောင့် ခရစ်နှစ် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ၁၂၄ နှစ်တိုင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး၏ ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရယူကြေညာ နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူရာ၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစုတရုံးတည်း စုစည်းညီညွတ်မှုအားကို ထူထောင်ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ နယ်ချဲ့ တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကို အပြင်းအထန်ဆင်နွှဲခဲ့သည်။ ထို့နောက် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုပြီးနောက် ပင်လုံ စာချုပ်ကို ချုပ်ဆို၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သက်သေထူပြကာ တစ်နှစ်အတွင်း လွတ်လပ်ရေးရအောင် ကြိုးပမ်းအားထုတ်ခဲ့သည်။

လွတ်လပ်သော နိုင်ငံတစ်နိုင်ငံကို ထူထောင်ရာ၌ အဓိကလိုအပ်ချက် ဖြစ်သည့် ပြည်သူလူထုက တညီတညွတ်တည်း ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရ ပေါ်ပေါက်လာရေးနှင့် ထိုအစိုးရက တိုင်းပြည်ကို စနစ်တကျ အုပ်ချုပ်နိုင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ရေးဆွဲအတည်ပြုနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ထိုသို့ လွတ်လပ်သောနိုင်ငံ ပေါ်ပေါက်လာအောင် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်း အားထုတ်ပြီးနောက် လွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလိုတွင် အမျိုးသားသစ္စာဖောက် မသမာသူလူသတ်သမားတစ်စု၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရရှာ သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အပြောမဟုတ် အလုပ်ဖြင့် သက်သေပြနိုင် ခဲ့သည်။ အတွေးမဟုတ် သွေးဖြင့် သက်သေပြနိုင်ခဲ့သည်။ သူ၏ ဆောင်ရွက် ချက်မှန်သမျှ၊ လုပ်ဆောင်မှုမှန်သမျှတို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် သာဖြစ်ခဲ့သည်။ ဩဇာအာဏာ မမက်မောကြောင်းကိုလည်း “မြန်မာပြည် လွတ်လပ်ရေးရပြီးရင် ကျုပ်နိုင်ငံရေးနယ်ပယ်ကထွက်ပြီး စာရေးဆရာပဲ လုပ်မယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံရေးခေါင်းဆောင်တွေအချင်းချင်း အာဏာလုနေကြတာကို ဘေးထွက်ထိုင်နေရာက အားရပါးရဟားတိုက် ရယ်နေဦးမယ်ဗျာ” ဟူ၍ ပြောကြားခဲ့သည်။

ထိုစကားမျိုးကို ဗိုလ်ချုပ်အောင်ဆန်းသည် အကြိမ်ကြိမ်အခါခါ ပြောကြားခဲ့သည်။ ထိုစကားသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအမှန် ဖြစ်သည်။ ဗိုလ်ချုပ်သည် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ဘဝ၊ အသက် ပေးဆပ်ရန်အတွက်သာ ကြိုးပမ်းခဲ့သည်။ တိုင်းပြည်လွတ်လပ်ရေးမှလွဲ၍ မိမိကောင်းစားရေး၊ မိသားစုကောင်းစားရေး နိုင်ငံရေးမှ ကိုယ်ကျိုးအတွက် လုံးဝစိတ်ကူးခဲ့ခြင်းမရှိပေ။ ကိုယ်ကျိုးရှာစိတ်ဓာတ် လုံးဝကင်းရှင်းသူ နိုင်ငံရေးသူတော်စင်ပုဂ္ဂိုလ်သာဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော စကားများကို သူ့အား ချစ်ခင်ကြည်ညိုလေးစားကြသော ပြည်သူလူထုအပေါင်းတို့က ယနေ့ထက်တိုင် မမေ့နိုင်ကြပေ။

ကိုယ်ကျိုးမကြည့်သော၊ အတ္တစိတ်ကင်းမဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကဲ့သို့ ခေါင်းဆောင်မျိုး မြန်မာ့သမိုင်းတွင် ရှာမှရှားပါလိမ့်မည်။ အမှန် တကယ် တိုင်းပြည်ချစ်စိတ်၊ စစ်မှန်သော မျိုးချစ်စိတ်အပြည့်ဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်ရွက်ခဲ့သော နိုင်ငံရေးခေါင်းဆောင် ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက အထင်အရှား သက်သေပြနိုင်ခဲ့သည်။ နိုင်ငံရေးဗန်းပြပြီး ကိုယ်ကျိုးရှာအတ္တသမား၊ စားဖားလူတွင်ကျယ်တို့ ညီညွတ်စွာရှိကြသည်ကို မလိုချင်ကြောင်း ရှုံ့ရှာစွာပြောခဲ့သည့် ဗိုလ်ချုပ်၏ မိန့်ခွန်းများကို မြန်မာပြည်သူလူထုတို့က မမေ့နိုင်ကြ။ ဗိုလ်ချုပ်၏တိုင်းပြည် အပေါ် ထားရှိသော စေတနာ၊ သဒ္ဓါနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်ဓာတ် ကို မြန်မာပြည်သားတို့၏ တစ်သက်တွင် မေ့ရက်နိုင်စရာ မရှိကြတော့ပေ။

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ဆန့်ကျင်ရေးကာလ ကျောင်းသား ခေါင်းဆောင်ဘဝ ၁၉၃၅ ခုနှစ်မှ နိုင်ငံ့ခေါင်းဆောင်ဘဝ ၁၉၄၇ ခုနှစ်အထိ ၁၂ နှစ်တာကာလမှာ တိုတောင်းလှပါသည်။ သို့သော် တိုတောင်းလှသည့် ကာလအတွင်း နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်ခဲ့သည့် နယ်ချဲ့လက်အောက်မှ လွတ်မြောက်နိုင်ရန် အပြင်းအထန် မရမနေ ကြိုးပမ်းအားထုတ်နိုင်ခဲ့သည် မှာ အံ့မခန်းပင် ဖြစ်သည်။

ဤသို့ တိုင်းပြည်အတွက် ကြိုးပမ်းအားထုတ်ခဲ့သော မြန်မာ့ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ တုနှိုင်းမမီသော နိုင်ငံရေး ဦးဆောင်မှု သမိုင်းမော်ကွန်းသည် ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ ရေးထိုးကျန်ရစ်ခဲ့ပါသတည်း။ ။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့၌(အဌမနေ့)အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (ဒုတိယနေ့)အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

**ဖြေဆို**

ဓမ္မာစရိယ စာမေးပွဲအဌမနေ့ စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၃၈၄ ပါးအနက် ၂၁၇ ပါး ဖြေဆိုကြသဖြင့် ၅၆ ဒသမ ၅၁ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယ နေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၅၁၃၆ ပါး အနက် ၃၉၄၀၂ ပါး ဖြေဆိုကြပြီး ၇၁ ဒသမ ၄၆ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၄၆ | ၄၈၃,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၂,၂၇၅ | ၈,၆၄၅,၀၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၄ | ၃၂,၄၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၂,၄၄၂ | ၅၃,၇၂၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၈ | ၄၈,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၆

ရန်ကုန်(ရွှေဈေး) ၁၂၄၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၅ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၈.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၁.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၅၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၂၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၃.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉.၉၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့သာလျှင် အဓိက

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နော်ဝေသံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်) အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နော်ဝေ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ငါးဖမ်းလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်း၊ သဘာဝသယံဇာတ၊ စွမ်းအင်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးသန့်စင်လွင် | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးဝင်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၆**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးနှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ၍ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ ပြည်တွင်းစားသုံးဆီ တိုးတက်ထုတ်လုပ်ရေးနှင့် ဈေးကွက်အာမခံချက်ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးနည်းပညာများ ဖြန့်ဖြူးပေးရန် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဘက်စုံမှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့် သုတေသနများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားတစ်ဖက်တွင်လည်း ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူများကို အားပေးဆောင်ရွက်ခြင်းဖြင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အရည်အသွေး မှန်ကန်မှုမရှိသော စားသုံးဆီများအား ထိန်းချုပ်နိုင်ရေးနှင့် စားသုံးဆီအရည်အသွေးမြှင့်တင်နိုင်ရေးအတွက် စားသုံးဆီမူဝါဒတစ်ရပ် ချမှတ်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေယာများ အသုံးပြုရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ပါကြောင်း၊ ကန်ထရိုက် လယ်ယာစနစ်တွင် တောင်သူဘက်က လိုက်နာရန် ကိုးချက်၊ ကန်ထရိုက်ပေးမည့် လုပ်ငန်းရှင်ဘက်က လိုက်နာရန် ၁၁ ချက်တို့ဖြင့် ယုံကြည်မှုတည်ဆောက်ဆောင်ရွက်နေကြခြင်း ဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးပြုနိုင်ရေး ရှေးရှုဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းများအတွက် ဌာနဆိုင်ရာဘက်က ပံ့ပိုးဆောင်ရွက်ရမည့် အချက်ကိုးချက်အရ ကန်ထရိုက်လယ်ယာစနစ် ဖွံ့ဖြိုးလာရေးကို မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

## စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများတွင် Contract Farming စနစ်ဖြင့် မိုးစပါးများ စိုက်ပျိုးထုတ်လုပ်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော် ပျဉ်းမနားမြို့နယ် ရွှေကောင်းကံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းရှိ အသင်းသားပိုင် လယ်ယာမြေ ဧက ၅၀ နှင့် ဇေယျာသီရိမြို့နယ် အိုင်စောက်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရှိ အသင်းသားပိုင် လယ်ယာမြေ ၆၆ ဧက စုစုပေါင်း ၁၁၆ ဧကအား ယခုနှစ် မိုးရာသီစပါးစိုက်ပျိုးချိန်အမီ အသင်းနှင့် အသင်းသား စာချုပ်ချုပ်ဆို၍ Contract Farming စနစ်ဖြင့် စပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ထွန်ယက်ချိန်မှ ရိတ်သိမ်းချိန်အထိ လိုအပ်သောစိုက်ပျိုးစရိတ်အပေါ် အခြေခံ၍ အသင်းသားတစ်ဦးလျှင် တစ်ဧက ငွေကျပ် ၂၂၀၀၀၀ နှုန်း ထုတ်ချေးပေးခဲ့ပြီး သီးနှံပေါ်ချိန်တွင် ထုတ်ချေးငွေနှင့် ညီမျှသောစပါးကို စာချုပ်ပါသတ်မှတ်နှုန်းဖြင့် အသင်းက ရယူ၍ သီးနှံရောင်းချပြီးချိန် အသင်းနှင့် အသင်းသား အကျိုးအမြတ်ခွဲဝေမည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လွှတ်တော်ရေးရာ

ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်

ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

တပ်မတော်သားပြည်သူ့လွှတ်တော်
ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်

ချောက်မဲဆန္ဒနယ်မှ
ဦးဘိုကြီး

မော်လိုက်မဲဆန္ဒနယ်မှ
ဒေါ်ချိုချိုဝင်း

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်
(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း

❍ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

### ကုန်းတွင်းဆိပ်များဆိုင်ရာ အစိုးရများအကြား သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကုန်းတွင်းဆိပ်များဆိုင်ရာ အစိုးရများအကြား သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယင်းစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကာလအနေဖြင့် ၅နှစ်ဖြစ်ပါကြောင်း၊ စီမံကိန်းအတွက် ရယူမည့်ရေနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်လည်းကောင်း၊ ရေပိုက်လိုင်းမြေနေရာ အသုံးပြုခွင့်နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ လျှပ်စစ်မီးရယူနိုင်ရန်နှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့်လည်းကောင်း အသီးသီးညှိနှိုင်းသဘောတူညီချက် ရရှိပြီးဖြစ်ပါကြောင်း။

စီမံကိန်းကိုဆောင်ရွက်ခြင်းအားဖြင့် ငမိုးရိပ်ဆည်ရေကို မြေသားရေပေးမြောင်းဖြင့် ရယူခြင်းအစား ရေပိုက်လိုင်းဖြင့် အစားထိုးရယူဆောင်ရွက်ရာတွင် ရေအရည်အသွေး ပိုမိုကောင်းမွန်စေခြင်း၊ ရေလေလွင့်ဆုံးရှုံးမှု မရှိစေခြင်း၊ ပတ်ဝန်းကျင်ကြောင့် ညစ်ညမ်းမှုများ မဖြစ်ပေါ်နိုင်ခြင်း၊ ရေသန့်စင်စက်ရုံအတွက် ရေလိုအပ်ချက်အား လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခြင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေပေးမြောင်းမကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်နိုင်သည့် ရန်ကုန်မြို့တော် ရေပေးဝေရေးကို ထိခိုက်နိုင်သည့် ဖြစ်ရပ်များအား ရှောင်ရှားနိုင်ခြင်း၊ အနာဂတ်တွင် ရေပေးဝေနိုင်သည့် ပမာဏ တိုးချဲ့နိုင်ခြင်း၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေဆိုင်ရာ စည်းကမ်းချက်များအရ ဆိုင်းငံ့ကာလ ၈ နှစ် ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ၃၂ နှစ်ဖြစ်ပါကြောင်း၊ အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ဆိုင်းငံ့ကာလအတွင်း ၁ ဒသမ သုည ရာခိုင်နှုန်းဖြစ်ပြီး ပြန်ဆပ်ကာလအတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အဆိုပါ ချေးငွေ၏ Grant Element တွက်ချက်ရာ တွင် ၄၈ ရာခိုင်နှုန်းခန့်ရရှိသည့်အတွက် သက်သာသော ချေးငွေအမျိုးအစားတွင် ပါဝင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငမိုးရိပ်ဆည်မှ ရေကို မြေသားရေမြောင်းဖြင့် ရယူနေခြင်းအစား ရေပိုက်လိုင်းဖြင့် အစားထိုးရယူဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိမှု မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက စီမံကိန်းရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး အထောက်အပံ့အဖြစ် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိစေရန်ဖြစ်ပါကြောင်း၊ ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၆၆ ကေဗွီဓာတ်အားလိုင်း ၅၆၄ ဒသမ ၅ မိုင်၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆၀ ဒသမ ၅ မိုင်၊ ၆၆ ကေဗွီခွဲရုံ ၃၆ ရုံ၊ ၃၃၅ အမ်ဗွီအေ၊ ၃၃ ကေဗွီခွဲရုံ ၈ ရုံ၊ ၅၀ အမ်ဗွီအေ တည်ဆောက်ရန်နှင့် နေပြည်တော်၊ ပုသိမ်၊ ပဲခူး၊ မကွေး၊ ဘားအံမြို့များတွင် Distribution Automation System (DAS) စနစ်ကို Pilot Project ငါးခုအဖြစ်တပ်ဆင်၍ ၁၁ ကေဗွီဓာတ်အားလိုင်းကွန်ရက်အား အချိန်နှင့်တစ်ပြေးညီ နေပြည်တော်မှ စောင့်ကြည့်ကွပ်ကဲနိုင်ရန်အတွက် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

စီမံကိန်းကာလကို ခုနစ်နှစ်သတ်မှတ်ထားပါကြောင်း၊ အတိုးနှုန်းအနေဖြင့် ဆိုင်းငံ့ကာလ ရှစ်နှစ်တွင် ၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပြန်ဆပ်ကာလ ၂၄ နှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ်မှ အိမ်ထောင်စုအလိုက် မီးလင်းနိုင်မည့် ရာခိုင်နှုန်းအနေဖြင့် ကရင်ပြည်နယ်တွင် ၈ ဒသမ ၃ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ၈ ဒသမ ၇၇ ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီးအတွင်း ၆ ဒသမ ၃၁ ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၁၇ ဒသမ ၅၂ ရာခိုင်နှုန်း အသီးသီး တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ကျေးရွာပေါင်း ၂၈၁၅ ရွာနှင့် အိမ်ထောင်စုပေါင်း ၄၀၀၃၀၀ ကို ဓာတ်အားစနစ်မှ တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် အကျိုးရှိသည့် ချေးငွေဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယင်းချေးငွေစီမံကိန်းသည် နိုင်ငံတော်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒများနှင့်ကိုက်ညီမှုရှိပြီး MSDP Action Plan များနှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်းရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်– ၁၉၀ (၂၀၁၉) နှင့် တိုက်တွန်းချက်အမှတ်– ၂၀၆ (၂၀၁၉)တို့ကို မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၀၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၌ အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်– ၁၉၀ (၂၀၁၉)နှင့် အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှု ပပျောက်ရေးဆိုင်ရာ တိုက်တွန်းချက်အမှတ်– ၂၀၆ (၂၀၁၉)တို့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၏ ဆန္ဒဖြင့် အတည်ပြုချမှတ်ခဲ့ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉၊ စာပိုဒ်(၅)၊ စာပိုဒ်ခွဲ(ခ) နှင့် စာပိုဒ် ၆ ၊ စာပိုဒ်ခွဲ(ခ)တို့အရ ဤပြဋ္ဌာန်းချက်နှင့် တိုက်တွန်းချက်တို့ကို အတည်ပြုပြီးချိန်မှ (၁)နှစ်အတွင်း အကြောင်းကြောင်းကြောင့် သတ်မှတ်ရက်အတွင်း မတင်ပြနိုင်ပါက ခြွင်းချက်အနေဖြင့် (၁)နှစ်နှင့် (၆)လအတွင်း နိုင်ငံ၏ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် အာဏာပိုင်ထံ တင်ပြပြီး ထိုသို့တင်ပြပြီးကြောင်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၃ ၊ စာပိုဒ် ၂ အရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးသို့ အကြောင်းပြန်ကြားပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၌ အတည်ပြုချမှတ်ခဲ့သည့် ပြဋ္ဌာန်းချက်အမှတ်– ၁၉၀(၂၀၁၉) နှင့် တိုက်တွန်းချက် အမှတ် – ၂၀၆ (၂၀၁၉) တို့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမ ခြောက်လပတ် အခွန်ရငွေများနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမျိုးဝင်းက အဆိုပါ အခွန်ရငွေများနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၂၀)ကိုဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ(ဃ)၊ (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀)ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀)ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်က ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် (၁/၂၀၂၀) သည် (COVID–19 Economic Relief Plan) စီးပွားရေးကုစားမှုအစီအစဉ်ဟုခေါ်သည့် CERP ၏ ပန်းတိုင် ၇ ရပ်ထဲမှ ပန်းတိုင် (၂)ကို အကောင်အထည်ဖော်ရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရေး ထုတ်ပြန်ရခြင်းဖြစ်သည်ကို သိရှိရပါကြောင်း၊ အမိန့်၏ အပိုဒ် ၄ အပိုဒ်ခွဲ(က) မှ (ဃ)အထိသည် CERP ပန်းတိုင် (၂)၊ အခွန်ဆိုင်ရာ ကြွေးမြီများမှ အပိုဒ်(က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို ဥပဒေနှင့်အညီ အခွန်သက်သာခွင့်များကို ရရှိစေခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော် ဝင်ငွေလျော့ကျစေမည့်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဖြစ်စေပြီး CERP ပန်းတိုင်(၂)မှ အစိတ်အပိုင်းတချို့ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ Pandemic ကာလ စီးပွားရေးထိခိုက်မှုများမှ လျော့ပါးသက်သာသွားစေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေဆိုင်ရာကိစ္စကို ကပ်ရောဂါအတွင်း ကုစားရန်အတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေဆိုင်ရာအမိန့်နှင့် စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲတင့်အောင်နှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၄/၂၀၂၀)တို့နှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၅/၂၀၂၀)တို့နှင့်စပ်လျဉ်း၍ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အရအသုံးဆိုင်ရာ အစီရင်ခံစာအရ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ခွင့်ပြုငွေ၊ သုံးငွေ၊ ပိုလျှံငွေစာရင်းအရ ပိုလျှံငွေပေါင်းသည် ခွင့်ပြုငွေပေါင်း၏ ၁၀ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရသည့်အတွက် နိုင်ငံ၏ လိုအပ်နေသည့် စီမံကိန်းလုပ်ငန်းများအတွက် အားနည်းချက်များစွာဖြစ်ပေါ်ရသည်ကို သုံးသပ်ရပါကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ (RE) ရေးဆွဲတင်ပြရာတွင် အမှန်ဆောင်ရွက်နိုင်မည့်အခြေအနေမှန်ကို ဘက်စုံချိန်ထိုးစိစစ် တွက်ချက်တောင်းခံမည်ဆိုပါက ပိုလျှံငွေအလွန်အကျွံမဖြစ်နိုင်တော့ဘဲ ခွင့်ပြုငွေနှင့် သုံးငွေသည် အနီးစပ်ဆုံးဖြစ်လာနိုင်သည့်အတွက် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြုပြင်ပြီးခန့်မှန်းခြေ တင်ပြရာတွင် သေချာစိစစ်တွက်ချက်တောင်းခံတင်ပြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၁၇ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့က ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက်ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့်ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့က ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ် ဒါတွေကိုရအောင်၊ အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းသည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်]*

# ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် ASEAN–China Transport Ministers' Special Meeting on COVID–19 အထူးအစည်းအဝေးကို ယနေ့တွင် Video Conferencing ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဝန်ကြီးများက ဆွေးနွေးခဲ့ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေမှု၊ လေကြောင်း၊ ရေကြောင်း၊ ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများတွင် ခရီးသည်များအား ရောဂါကူးစက်မှု ကာကွယ်တားဆီးရေးအတွက် လိုက်နာဆောင်ရွက်နေမှု၊ ပုံမှန်လေကြောင်း ခရီးစဉ်ပျံသန်းမှုများကို ကန့်သတ်ထားရှိ၍ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ခွင့်ပြုပျံသန်းပေးနေမှု၊ စီးပွားရေးထိခိုက်မှု သက်သာစေရန်အတွက် COVID–19 Economic Relief Plan (CERP) နှင့်အညီ ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားမှုများနှင့် အနာဂတ်တွင် ဖြစ်ပွားနိုင်သော မမျှော်မှန်းနိုင်သည့် အခြေအနေများကို သုံးသပ်၍ ဒေသအတွင်း၌ ဆေးဝါးများ၊ အရေးကြီးကုန်စည်များနှင့် အစားအသောက်များကို ပို့ဆောင်ရန် ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးသည် အလွန်အရေးပါမှုရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဒေသတွင်း၌ Cross Border Transport ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မိမိတို့ နိုင်ငံများအားလုံး သဘောတူညီသည့် လုပ်ငန်းလမ်းညွှန်များရေးဆွဲရန်လိုအပ်ကြောင်း၊ ကုန်စည်များကို တစ်နိုင်ငံမှ တစ်နိုင်ငံသို့ နယ်စပ်တွင် နောက်တွဲယာဉ် လွှဲပြောင်းပို့ဆောင်သည့်စနစ်ကို အကောင်အထည်ဖော်နိုင်ရေး စမ်းသပ်လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ နယ်စပ်စစ်ဆေးရေးစခန်းများတွင် လုံလောက်သော အထောက်အကူပစ္စည်းများ ဖြည့်တင်းရေးနှင့် ရောဂါဖြစ်ပွားမှု ထိန်းချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို လွယ်ကူစွာသိရှိနိုင်ရေး ICT နည်းပညာကို တိုးမြှင့်အသုံးပြုရန်လိုအပ်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားခဲ့ပြီး အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ ပြည်ပမှတ်ပုံတင်သင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ သင်္ဘောသားများ၏ ရေယာဉ် တက်/ ဆင်း (Crew–change) ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီပေးရေးကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

**လုပ်ငန်းစဉ်များ ထုတ်ပြန်**

အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကိုဗစ်-၁၉ အလွန်ကာလများအတွက် ပို့ဆောင်ရေးကဏ္ဍမှ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Joint Statement of ASEAN–China Transport Ministers on Ensuring Smooth Transport and Logistics to Combat COVID–19 and Reactivate the Economy ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# အာဆီယံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့ကို Video Conferencing ဖြင့် ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို ယနေ့နံနက် ၇ နာရီခွဲတွင် Video Conferencing ဖြင့် စတင်ကျင်းပရာ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် Video Conferencing ဖြင့် ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။

**ပါဝင်တက်ရောက်**

အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nguyen Quoc Dzung က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် ဗီယက်နမ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အာဆီယံ အထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံ +၃ အထူးထိပ်သီး အစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့် ကိစ္စရပ်များနှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ (၅၃) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးနှင့် ဆက်စပ်ဝန်ကြီးအဆင့် အစည်းအဝေးများနှင့် (၃၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင် ထားရှိမှုများကိုလည်းကောင်း ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးဖြစ်သူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mdm. Busaya Mathelin နှင့် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Mdm. Vijay Thakur Singh တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ အာဆီယံ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါအပေါ် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ တုံ့ပြန်ဆောင်ရွက်မှုများ၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံ-အိန္ဒိယဆက်ဆံရေး၏ အနာဂတ် အလားအလာနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု ဘာသာရပ်ခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးရာတွင် ပင်လယ်ရေကြောင်း လုံခြုံရေး၊ ပင်လယ်ဓားပြတိုက်ဖျက်ရေး၊ ရှာဖွေကယ်ဆယ်ရေး စသည်တို့အပါအဝင် အာဆီယံနှင့် အိန္ဒိယအကြား လက်ရှိပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုများကို အာဆီယံဦးဆောင်သည့် ယန္တရားများမှတစ်ဆင့် ပိုမိုတိုးတက်ခိုင်မာစေရေး၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထားအမြင်၌ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးသည် ဦးစားပေးကဏ္ဍတစ်ရပ် ဖြစ်သည်နှင့်အညီ အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ပင်လယ်ရေကြောင်း ကူးလူးဆက်သွယ်ရေး၊ ပင်လယ်ပြင်ရှိ စွန့်ပစ်ပစ္စည်းများဖယ်ရှားရေး၊ ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲကာကွယ်စောင့်ရှောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၃)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရ

### ဦးအုန်းမောင် (၁၉၁၃ - ၁၉၄၇)

၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် တနင်္ဂနွေနေ့တွင် မကွေးတိုင်း မင်းဘူးမြို့နယ် ထောက်ရှာပင်ရွာ၌ မွေးဖွားသည်။ အဖ ရောဝတီသဘော် ကိုယ်စားလှယ် မစ္စတာ အိပ်ချ်ဒဗလျူထရပ်(တ်) ဝိန်း၊ အမိ ဒေါ်ရွှေမြင့် ဖြစ်သည်။ ဒုတိယမြောက်သား ဖြစ်သည်။

မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။ ထင်ရှားသော ကျောင်းနေဖက်တစ်ဦးမှာ ကိုဗဂျမ်း (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်) ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ၁၀ တန်းအောင်မြင်သည်။ ၁၉၃၀ - ၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်သည်။ ရန်ကုန်တက္ကသိုလ် တပ်ရင်းတွင် တပ်ခွဲ တပ်ထောက်ဖြစ်၍ သေနတ်ပစ်ထူးချွန်သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၃၆ ခုနှစ်တွင် ဝန်ထောက်စာမေးပွဲ (Combined B.C.S and Other Services Examination) နှင့် အိန္ဒိယပဋိညာဉ် (Indian Civil Service) အိုင်စီအက်စ်စာမေးပွဲ နှစ်ရပ်လုံးအောင်မြင်သည်။ အိုင်စီအက်စ် စာမေးပွဲအောင်သူ သုံးယောက်အနက် (ဦးဘသန်း၊ ဦးဘကျော်၊ ဦးအုန်းမောင်) ပထမရသည်။

အင်္ဂလန် အောက်စဖို့ဒ်တက္ကသိုလ် ဂျီးဆပ်ကောလိပ် (Jesus College) ၌ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေးပညာ သင်ခဲ့သည်။ အင်္ဂလန်တွင် ပညာသင်ကြားနေစဉ် "မျိုးချစ်စိတ် ထက်သန်၍ တိုင်းပြည်နှင့် လူမျိုးကို ထိလျှင် နည်းနည်းမျှ သည်းမခံနိုင်သူ၊ သူ့ကို အင်္ဂလန်ရှိ အငြိမ်းစား အိုင်စီအက်စ်အရာရှိကြီးအချို့က တိုက်ကြက်ကလေးဟု ကွယ်ရာတွင် ခေါ်လေ့ရှိကြောင်း" ပညာသင်ဖော် ဆရာမင်းသုဝဏ်က မှတ်တမ်းတင်ခဲ့သည်။

၁၉၃၈ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် မြန်မာနိုင်ငံဝန်ထမ်းအဆင့် (၁) အဖြစ် စတင်ခန့်အပ်ခံရသည်။ အင်္ဂလန်တွင် အိုင်စီအက်စ်ဝန်ထမ်းအဖြစ် ပညာသင်နေစဉ် ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယမှ သီးခြားခွဲထုတ်၍ ၉၁ ဌာန အုပ်ချုပ်ရေးသစ် စတင်ခဲ့ရာ အိုင်စီအက်စ် အခေါ်အဝေါ်မှ ဘီစီအက်စ် အဆင့် (၁) ဖြစ်လာသည်။ ၁၉၃၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက် မှ ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်အထိ မိတ္ထီလာနှင့်သာစည်တွင် အလုပ်သင်နယ်ပိုင်ဝန်ထောက်၊ ထို့နောက် မန္တလေးအရှေ့နယ်ပိုင် ဝန်ထောက်၊ ၁၉၄၁ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန၊ ကုန်သွယ်ရေး လက်ထောက် အတွင်းဝန်အဖြစ် ဂျပန်ဝင်လာသည့်တိုင် အမှုထမ်းခဲ့သည်။

ခရိုင်ဝန် ဦးဘိုးဘေ (K.S.M), (A.T.M) နှင့် ဒေါ်စိမ်းနုတို့၏ ပဉ္စမမြောက်သမီး မသိန်းကြွယ်နှင့်လက်ထပ်၍ သားသုံးဦး (ကိုတင်မောင်သိန်း၊ ကိုကိုလှ၊ မောင်မင်းမြင့်) ထွန်းကားသည်။ မသိန်းကြွယ်မှာ လွတ်လပ်ရေး ခေတ်ဦး ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတကြီး ဒေါက်တာဘဦးနှင့် မောင်နှမဝမ်းကွဲ တော်စပ်သည်။

စစ်ပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်တွင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန ဒုတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး၌ ခရီးလွန်နေသည့် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီး စောစံဖိုးသင် ကိုယ်စား ဌာနလုပ်ငန်း ဝင်ရောက်အစီရင်ခံတင်ပြနေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်၌ မသမာသူ သေနတ်သမားများ၏ လုပ်ကြံမှုဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် အတူ ကျဆုံးခဲ့ပါသည်။

# ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇူလိုင် ၁၆**

ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော်ရုံးချုပ်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဒေသ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင်များဖြစ်ကြသော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက Video Conferencing ဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းချိတ်ဆက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရေကြီးရေလျှံဘေးနှင့်စပ်လျဉ်း၍ ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်မှုနှင့် ဖြစ်ပွားချိန်တွင် အရေးပေါ်တုံ့ပြန်နိုင်ရေးစီမံဆောင်ရွက်မှုများမှာ အရေးကြီးပါကြောင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သည့် ဘေးများအတွက် ဒေသအလိုက်မတူညီသည့် အခက်အခဲများရှိပါကြောင်း၊ လက်တွေ့ဖြေရှင်းဆောင်ရွက်နိုင်ရန် ကြိုတင်ခန့်မှန်းမှုများရှိရန် လိုပါကြောင်း၊ ကြိုတင်ခန့်မှန်းတွေ့ရှိရသည့် လိုအပ်ချက်များ၊ ဆောင်ရွက်ရန်ရှိသည်များကို သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ တာဝန်ရှိသည့်ဌာနဆိုင်ရာများ၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်မကျရောက်မီ သတင်းအချက်အလက်များ ကြိုတင်စုဆောင်းထားရှိပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ အနေဖြင့်လည်း သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသောကြောင့် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့များထံ အကြံပြုတင်ပြခြင်း၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ပြည်သူများအား ရှင်းလင်းစွာ အချိန်မီ အသိပေးကြေညာရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရန် ကြိုးပမ်းကြစေလိုကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍လည်း ညွှန်ကြားချက်များအတိုင်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ကာလတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေသတ်မှတ်သုံးစွဲခွင့်ပြုထားကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် အခြားနိုင်ငံများနည်းတူ ငွေကြေးသုံးစွဲမှုများ ပိုမိုကျပ်တည်းလာနိုင်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ယခုအချိန်၌ သုံးစွဲနေသည့်ငွေကြေးများကို အလေအလွင့်မရှိစေရေး အထူးအလေးထားဆောင်ရွက်ရန် လိုကြောင်း၊ လက်ရှိဆောင်ရွက်ချက်များကို ရေရှည်အကျိုးဆက်ကိုပါ မျှော်မှန်း၍ ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်အလိုက် နှစ်စဉ်ရေကြီးမှု အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ ရေကြီးရေလျှံဘေးနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်းရှိ မြစ်၊ ချောင်းများ၏အခြေအနေနှင့် ယခင်ဖြစ်ပေါ်ခဲ့သည့်အခြေအနေများကို ဆက်စပ်စဉ်းစားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများကိုလည်း ကြိုတင်စုဆောင်းပြီးဖြစ်ရာ ဘေးဒဏ်ကျရောက်ပါက အချိန်မီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အသင့်ဖြစ်စေလိုကြောင်း၊ ပညာရှင်များ၏ ခန့်မှန်းချက်အရ ယခုနှစ်တွင်မိုးနည်းနိုင်သော်လည်း နေရာကွက်၍ မိုးကြီးခြင်းကြောင့် လျှပ်တစ်ပြက် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများကို ကြုံတွေ့နိုင်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ သဘာဝဘေးကျရောက်နိုင်ခြေရှိသည့် နေရာဒေသများတွင် အခြေချနေထိုင်မှုများ၊ အလုပ်လုပ်ကိုင်နေမှုများနှင့် ဆက်စပ်၍ အန္တရာယ် ကျရောက်နိုင်ခြေများကို သက်ဆိုင်ရာ အစိုးရအဖွဲ့များထံ ကြိုတင် အကြံပြုတင်ပြခြင်းဖြင့် ထိခိုက်မှုများလျော့နည်းအောင် ဆောင်ရွက်စေနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက မိမိတို့ဒေသအလိုက် လတ်တလော ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာပါက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန်စီစဉ်ထားမှုများ၊ ယင်းသို့ရွှေ့ပြောင်းရပါက ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေး ညွှန်ကြားချက်များနှင့် အညီထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### ပြင်ဆင်သိမှတ်ပေးပါရန်

ဇူလိုင် ၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြခဲ့သော ကန်တော်ကြီးသဘာဝဥယျာဉ် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံဖွင့်လှစ်သတင်းနှင့် တွဲဖက်ဖော်ပြခဲ့သော ဓာတ်ပုံအစား ယခုဖော်ပြပါဓာတ်ပုံနှင့် ပြင်ဆင်သိမှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**စာတည်း**

မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးလှိုင်မြင့်နှင့် ဝန်ထမ်းများ ချောက်မြို့နယ်အတွင်း ငါးရစ်ငါးသန်ကာလငါးဖမ်းဆီးမှုမရှိစေရေးနှင့် အင်း/တင်ဒါငါးဖမ်းကွက်များ အခြေအနေ ကွင်းဆင်းစစ်ဆေးပြီး စလေဥက္ကံဇလဲ့အင်း(ကြေးတိုင်အင်း)အတွင်း ရေဝင်ရောက်မှုအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

(၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

# အာဇာနည်နေ့ တို့မမေ့

**အောင်မြင့်စိုး(ရေစကြို)**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် မြန်မာ့သမိုင်းတွင် တိုင်းပြည်အတွက် ကြီးမားသောဆုံးရှုံးမှုကြီးနှင့် ကြုံတွေ့ခဲ့ရသည့် မမေ့နိုင်စရာ ကြေကွဲဝမ်းနည်းဖွယ် နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့တွင် မသမာသူလူတစ်စုတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ အတွင်းဝန်များရုံး အစည်းအဝေးခန်းမအတွင်း ဖရိုဖရဲဖြစ်နေသည့် စားပွဲ၊ ကုလားထိုင်များ၊ သွေးအိုင်တွင် သေဆုံးနေသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ မြင်ကွင်းမှာ ဝမ်းနည်းကြေကွဲဖွယ်ရာ။ ကိုယ်ကျိုးမကြည့်၊ အတ္တမဖက် တိုင်းပြည်အတွက် အသက်ပေးရင်း သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် လဲကျသေဆုံးနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မသေသော နာမည်၊ မြင့်မြတ်သော ဂုဏ်ဒြပ်တို့ကိုမူ အဘယ်သို့သောသူမျှ လုပ်ကြံသတ်ဖြတ်၍ မရနိုင်ပေ။

**အသက်ဘေးမှ လွတ်မြောက်ခဲ့ရ**

တောင်တန်းဒေသရေးရာဌာနဝန်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး သခင်မြတို့နှစ်ဦးမှာ သေနတ်ဒဏ်ရာ နှစ်ချက်စီဖြင့် ကျဆုံးခဲ့ရသည်။ စားပွဲပေါ် လက်ထောက်ရင်း ပါးစပ်ဟလျက် သွေးများယိုစီးကျနေသည့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့် အလဲလဲအပြိုပြို ဖရိုဖရဲကျဆုံးနေကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ မြင်ကွင်းမှာ ရင်နင့်ကြေကွဲဖွယ်ရာ အတိပင်ဖြစ်သည်။ သေနတ်ဒဏ်ရာ ခြောက်ချက်ဖြင့် ငြိမ်သက်နေသည့် ပညာရေးဝန်ကြီး ဦးရာဇတ်နှင့် သေနတ်ဒဏ်ရာ ငါးချက်ဖြင့် ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ကျနေသည့် သတင်းနှင့် ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချိုတို့နှစ်ဦးမှာ ထိုအချိန်က မသေသေးဘဲ အသက်ရှူနေဆဲဖြစ်ပြီး ဒီးဒုတ်ဦးဘချိုမှာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကွယ်လွန်သည်။ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဘဝင်းမှာ သေနတ်ဒဏ်ရာ ရှစ်ချက်ဖြင့် သူ၏ထိုင်ခုံတွင် ခေါင်းငိုက်စိုက်ကျထိုင်လျက်သား ကျဆုံးခဲ့သည်။ စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်မှာ သေနတ်ဒဏ်ရာ ၁၅ ချက်၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွင်းဝန် ဦးအုန်းမောင်မှာ သေနတ်ဒဏ်ရာငါးချက်ဖြင့် ကျဆုံးခဲ့ပြီး ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးမှာ သေနတ်ဒဏ်ရာ လေးချက်ဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ တစ်ဖွဲ့တည်း အတူထိုင်ကြသည့်ဝန်ကြီး ပျော်ဘွယ်ဦးမြနှင့် အတွင်းဝန် ဦးရွှေဘော်တို့မှာ ပြတင်းပေါက်မှ ကျော်ထွက်ပြေးနိုင်ခဲ့၍ အသက်ဘေးမှ လွတ်ခဲ့ရသည်။ အလားတူ ဝန်ကြီး ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့နှစ်ဦးမှာ သေနတ်သမားများ စတင်ပစ်ခတ်ချိန်တွင် ချက်ချင်းဆိုသလို ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်လှဲချလိုက်ပြီး ငြိမ်သက်စွာနေသဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဂျူဗလီခန်းမသို့ ပြောင်းရွှေ့သယ်ယူ၍ ဂါရဝပြုခံခဲ့သည်။ ဦးရာဇတ်နှင့် ရဲဘော်ကိုထွေးတို့၏ ရုပ်အလောင်းကို ဂျူဗလီခန်းမမှ တာမွေ ကင်းဘဲလ်လမ်းရှိ မွတ်စလင်သင်္ချိုင်းသို့ သယ်ဆောင်ပြီး အစ္စလာမ်ဘာသာအရ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ရုပ်ကလာပ်ကို ပြည်နယ်မြို့တော်ဖြစ်သည့် မိုင်းပွန်မြို့သို့သယ်ဆောင်ပြီး ဒေသထုံးတမ်း အစဉ်အလာအရ အခမ်းအနားဖြင့် သင်္ဂြိုဟ်သည်။ အရိုးပြာတစ်ဝက်ကို ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ထားရှိရန်ပေးပို့ခဲ့ပြီး ကျန်အရိုးပြာ တစ်ဝက်ကို မိုင်းပွန်မြို့တော်၏ တောင်ဘက်ကုန်း၌ အာဇာနည်ဗိမာန်ပြာသာဒ် တည်ဆောက်၍ထားသည်။

**ကမ္ဘာတည်သမျှ မေ့ဖျောက်၍ မရနိုင်**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးသွားကြသည့် အပေါင်းပါ ဝန်ကြီးများအား ၁၉၄၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် နိုင်ငံတော်ဈာပန အခမ်းအနားကျင်းပပြီး နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့ကျရောက်တိုင်း အာဇာနည်နေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း ကျင်းပကြသည်။ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက် လွှင့်ထူခြင်း၊ ကျဆုံးချိန် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဥဩဆွဲအချက်ပေးခြင်း၊ ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးခြင်းနှင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်း အာဇာနည်နေ့အခမ်းအနားများ ကျင်းပကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်အပေါင်းတို့၏ မျိုးချစ်စိတ်ဓာတ်၊ မြင့်မြတ်သောစိတ်ထား၊ တိုင်းပြည်အပေါ်စေတနာမှန်ဖြင့် လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ကြသည့် အာဇာနည်တို့၏ဂုဏ်ရည်ကို ကမ္ဘာတည်သမျှ မေ့ဖျောက်၍ မရနိုင်ပေ၊ ထို့ကြောင့်ပင် –

**✻ အာဇာနည် ဂုဏ်ရည်မညှိုးဘိ**
**ကိုယ်ကျိုးမကြည့် မြင့်မြတ်သူ**
**"စံပြ" နမူ၊**
**တိုင်းပြည်အတွက် အသက်ပေးလှူ**
**လူပီသတဲ့လူမို့၊**
**တို့နိုင်ငံခေါင်းဆောင်အထွတ်တို့ကို**
**ဦးညွှတ်ကြစို့။**

တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းတို့၏ ကျေးဇူးကိုသိ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် အမှန်တကယ် လေးစားမြတ်နိုးတန်ဖိုးထားကြသည်ဆိုလျှင် အာဇာနည်တို့၏ အသက်သွေးချွေးများစွာဖြင့် ပေးဆပ်ကာအရယူပေးခဲ့သည့် လွတ်လပ်ရေးအမွေကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် မျိုးချစ်စိတ်ဓာတ် ထက်သန်ပြည့်ဝစွာဖြင့် အစဉ်ထာဝရ အတူတကွ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း ရေးသားရင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးခဲ့ကြရသည့် အာဇာနည်ခေါင်းဆောင်မြတ်အပေါင်းတို့အား ဤဆောင်းပါးဖြင့် ဦးညွှတ်ဂါရဝပြုလိုက်ရပေသည်။ ။

**ကိုးကား-စွယ်စုံကျမ်း**

## (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအား ကြိုတင်အသိပေးအကြောင်းကြားခြင်း

(၇၃)နှစ်မြောက်အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်–

(က) လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

(ခ) အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရာလမ်းဖြစ်သော လင့်လမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံတို့တွင် COVID–19 ရောဂါ ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားသူတွေ့ရှိပါက Contact Person ဆက်စပ်စုံစမ်းနိုင်ရေးအတွက် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာ စာရင်းပေးရမည်ဖြစ်ပါသည်။

(ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID–19 ရောဂါ ကာကွယ်ရေးအတွက် Social Distancing အရ သတ်မှတ်ထားသော (၆)ပေအကွာအဝေးအတိုင်း အာဇာနည်ဗိမာန်အတွင်းသို့ တန်းစီဝင်ရောက်ရမည်ဖြစ်ပြီး အာဇာနည်ဗိမာန်ရင်ပြင်တွင်လည်း တစ်ကြိမ်လျှင် (၁၂)ဦးခန့်သာ ဂါရဝပြုခွင့်ပေးမည်ဖြစ်ပါသည်။

(ဃ) အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုမှုပြီးဆုံးပါက သတ်မှတ်ပေးထားသော လမ်းကြောင်းအတိုင်း အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပြီး သွားလာခွင့်မပြုထားသည့်နေရာများအား သွားရောက်ခွင့်ပြုမည်မဟုတ်ပါ။

(င) အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီးပါက အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နှင့် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဘက်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

(စ) အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့များမှ စစ်ဆေးခြင်းကို ကြည်ဖြူစွာခံယူပြီး မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးပရဟိတအဖွဲ့များ၏ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

**(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး စည်းကမ်းထိန်းသိမ်းရေးကော်မတီ**

(၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

# ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး၌ နောက်ဆုံးပြောကြားသော ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်

.....လွှတ်တော်အမတ်တွေရယ်လို့ တိုင်းပြည်က တင်မြှောက်လိုက်တဲ့အခါမှာ အဲဒီလွှတ်တော်အမတ်တွေက လွှတ်တော်အစည်းအဝေးမရှိတဲ့အခါမျိုးမှာ မိမိတို့အားလပ်ချိန်၊ ရသမျှအချိန်အတောအတွင်းမှာ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်တဲ့နယ်ကို ပြန်သွားပြီးတော့ ဒီလွှတ်တော်မှာ ဘာဖြစ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ အစရှိတဲ့ အခြေအနေအရပ်ရပ်ကို ကိုယ့်နယ်ကိုပြန်ပြီး အစီရင်ခံတဲ့ ထုံးစံရှိပါတယ်။

**တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရအောင် လုပ်မယ်**

....ဒီတော့ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်လုပ်တဲ့ အလုပ်ဟာ အင်မတန်ရှင်းပါတယ်။ ကျွန်တော်တို့ဟာ တိုင်းပြည်ကို ပြောခဲ့တဲ့အတိုင်း လုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ ရအောင်လုပ်မယ်ဆိုတဲ့အတိုင်း အဲဒီလုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ ဆုံးဖြတ်ပြီးတဲ့နောက် ကျွန်တော်တို့ ဒီတိုင်းပြည်ကို ကြေညာထားတဲ့အတိုင်း တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရအောင် လုပ်မယ်ဆိုတာလည်း ကျွန်တော်တို့ လုပ်နေလျက်ပါပဲ။ တစ်နှစ်လည်းပဲ မပြည့်သေးပါဘူး။ တစ်နှစ်စေ့လာတဲ့ အနေမျိုး၊ သို့သော်လည်းပဲ စေ့တယ်၊ ပြည့်တယ်ဆိုတဲ့ သဘောမျိုးကတော့ အလျှော့အပေါ့ နည်းနည်းပါးပါး ပါချင်ပါမယ်။ သို့သော်လည်းပဲ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုဖြစ်လာတဲ့ အချိန်အခါမျိုးမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဗမာပြည်ရဲ့ လွတ်လပ်ရေးကိုရအောင် မလုပ်နိုင်သေးဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဟိုအခါမျိုးမှာ ကတိပျက်တယ်လို့ ပြောချင်ပြောမယ်။ သို့သော်လည်းပဲ အဲဒီအချိန်အခါကလည်း မရောက်သေးဘူး။ ကျွန်တော်တို့ကလည်းပဲ အဲဒီအချိန်အခါအထိ လွတ်လပ်ရေးကို အေးအေးချမ်းချမ်းရနိုင်အောင် ကျွန်တော်တို့ ကြိုးစားမယ်။ အဲဒီလို ကြိုးစားမယ်ဆိုပြီးတော့ ကျွန်တော်တို့ လုပ်နေတယ်။ ဒီလို လုပ်နေတဲ့အတိုင်း ကျွန်တော်တို့ လုပ်တဲ့လုပ်ငန်းဟာ အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာ အခုနေအခါ ဘယ်သူမှ မပြောနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုရင် အချိန်တွေ လိုပါသေးတယ်။ ကျွန်တော်တို့ လုပ်နေတဲ့ လုပ်ငန်းတွေဟာ မပြီးသေးဘူး။ ပြီးလာတဲ့တစ်နေ့ ခင်ဗျားတို့ မြင်လာတဲ့တစ်နေ့မှာ ကျွန်တော်တို့ လုပ်ငန်းတွေဟာ အောင်သလား၊ မအောင်ဘူးလားဆိုတာ ခင်ဗျားတို့ မြင်နိုင်မှာပဲ။

အဲဒီလို မြင်လာတဲ့အခါမှာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လို အဖွဲ့ချုပ်မျိုးလဲ၊ အလုပ်လုပ်တဲ့ နေရာမျိုးမှာ ဘယ်လိုထိရောက်အောင် လုပ်နိုင်သလဲဆိုတာ ခင်ဗျားတို့ မြင်လာမယ်။ အဲဒီတော့ အခုနေအခါမှာ ကျွန်တော် ဘာမှ သိပ်ပြီးတော့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေဖို့ မလိုပါဘူး။ အဲဒီတော့ ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်က ဘာမှသွေဖည်ပြီးတော့ လုပ်နေတာ မရှိပါဘူး။ ဒီလွတ်လပ်ရေးရအောင်ဆိုပြီး လုပ်နေတာပဲ။ သို့သော်လည်းပဲ အဲဒီလို လွတ်လပ်ရေးရအောင် ကျုပ်တို့က လုပ်တဲ့နေရာမှာ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းကို ရှာတယ်။ အဲဒီလို ရှာတာကို ကျုပ်တို့ကို ဘာအပြစ်ပြောစရာ ခင်ဗျားတို့

လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့တော်ခန်းမကြီး၌ ပြုလုပ်သည့် ပြည်သူ့အစည်းအဝေးကြီး၌ မိန့်ခွန်းပြောကြားနေစဉ်။

ရှိပါသလဲ၊ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းတွေနဲ့ ကျွန်တော်တို့ လွတ်လပ်ရေးရအောင် ရှာတဲ့နေရာမယ် ဘယ်သူတွေက ဘာဖြစ်လို့ ကျုပ်တို့ကို အပြစ်တင်နေရသလဲ၊ အဲဒီတော့ကာ အဲဒီလိုလုပ်နေတဲ့ နေရာမယ်ဒါတွေကို ရှင်းပြနေတဲ့ အထဲကနေပြီးတော့ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဒိုမီနီယံပဲ လက်ခံတော့မလိုလို ဘာလိုလို အစရှိသည်အားဖြင့် တချို့ကနေပြီးတော့ ဟိုရေး၊ ဒီရေး၊ ဟိုပြော၊ ဒီပြော ပြောတယ်။

ကျုပ်တို့ ဂရုမစိုက်ပါဘူး။ ခင်ဗျားတို့ တိုင်းပြည်က အဲဒီလိုလူတွေ ပြောတာတွေကို ယုံချင်တယ်ဆိုရင် ခင်ဗျားတို့ ယုံနိုင်တယ်။ အဲဒီတော့ ဒီဒိုမီနီယံကိစ္စနှင့်ပတ်သက်ပြီး ဒိုမီနီယံ ပြောနေကြတဲ့ လူတွေကလည်း နားလည်လို့ ပြောနေကြတာ မဟုတ်ဘူး။ အမှန်စင်စစ်တော့ ကျွန်တော်တို့ ဗမာနိုင်ငံရေးမှာ ကျွန်တော်နည်းနည်း Brutal Truth ဆိုမှာပေ့ါ။ တော်တော်ကလေးကိုပဲ ရက်ရက်စက်စက် မှန်တယ်။ သခင်နုကတော့ ကျွန်တော့်ကို ခဏခဏပြောတယ်။ ခင်ဗျား Painful Truth သိပ်မပြောပါနဲ့လို့။ Painful Truth ဆိုတာ ဘာလဲဆိုရင် မှန်တော့ မှန်တယ်။ သို့သော် မှန်လွန်းအားကြီးလို့ မခံနိုင်ဘူး။ အဲဒီလိုဖြစ်တယ်။ သို့ပေမယ့် ဒီတစ်ခါလည်း ကျွန်တော်ပြောရဦးမယ်။ ဘာပြောမလဲဆိုရင် ယခု ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးသမားတွေလုပ်နေကြတယ်။ သတင်းစာဆရာတွေ လုပ်နေကြတယ်။ သူတို့ရေးနေတာ၊ သူတို့၊ သူတို့ ပြောနေတာ သူတို့ နားမလည်တဲ့သူတွေ အများကြီးပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ ဘာပြုလို့လဲဆိုရင် နားမလည်ဘူး ပြောလိုက်တာကိုး၊ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ သို့သော်လည်းပဲ It is Painful Truth အဲဒါ တစ်ခါတည်းကို သွေးထွက်အောင် မခံချင်လောက်အောင်မှန်တယ်၊ မှန်တယ်ဆိုတာ ကျွန်တော်ရဲရဲကြီး ပြောရဲတယ်။

**နိုင်ငံရေးဆိုတာ ဘာလဲ၊ တော်လှန်ရေးဆိုတာ ဘာလဲ**

အဲဒီတော့ ကိုယ်ပြောနေတာ ကိုယ်ရေးနေတာ ကိုယ်လုပ်နေတာ ဘာမှန်းမသိတဲ့ နိုင်ငံရေးသမားတွေ၊ သတင်းစာဆရာတွေက တော်တော်ကလေးများတယ်။ အဲဒီလို ဖြစ်နေတော့ ကျွန်တော်လည်း နိုင်ငံရေးအကြောင်းနဲ့ ပတ်သက်ပြီး နိုင်ငံရေးဆိုတဲ့ စကားက အစ ကျွန်တော်တစ်ခါတည်း တိုင်းပြည်ကို နှောင်အခွင့်သင့်လို့ရှိရင် အပတ်စဉ် အပတ်စဉ်ဖြစ်စေ၊ တစ်ခါတည်း ရက်ဆက်သဘောမျိုးဖြစ်စေ၊ တစ်ခါတည်း အဲဒီလို ရှင်းလင်းပြသွားချင်ပါသေးတယ်။ အဲဒီအခါကျရင် နိုင်ငံရေးဆိုတာ ဘာလဲ၊ တော်လှန်ရေးဆိုတာ ဘာလဲ၊ နောက်ပြီးတော့ လွတ်လပ်ရေးဆိုတာ ဘာလဲ၊ ဟိုဟာက ဘာလဲ၊ ဒီဟာက ဘာလဲ၊ အဲဒါတွေ ကျွန်တော်ရှင်းပြချင်တယ်။ ခေါင်းဆောင်မှုဆိုတာ ဘာလဲ၊ အချောင်သမားဆိုတာ ဘာလဲ၊ အဲဒါတွေ ကျွန်တော် ရှင်းချင်တယ်။ သို့ပေမယ့် ဝမ်းထဲမှာတော့ အများကြီးပဲ၊ ပုံနေတာပဲ၊ သို့သော်လည်းပဲ ကျွန်တော့်မှာ အချိန်ကမရတော့ မရှင်းနိုင်တော့ဘူး။ အဲဒီတော့ သတင်းစာထဲ ရေးချင်တာရေး၊ တချို့ပြောချင်တာပြော၊ ကြည့်နေရတာပဲ။ ဘာမှ မတတ်နိုင်ဘူး။ ခင်ဗျားတို့ ကြားချင်တာကြားပြီး ထင်ချင်တာ ထင်နေတာပဲဆိုတာလည်း ကျွန်တော် သိပါတယ်။

အဲဒီတော့ ခင်ဗျားတို့ သေသေချာချာ သတိထားကြည့်စေချင်တာက ဒီ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လို ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်လဲဆိုတာ ရာဇဝင်နှင့် ပြန်ကြည့်စေချင်တယ်။ လူတွေကိုလည်း ရာဇဝင်နှင့် ပြန်ကြည့်စေချင်တယ်။ ကျွန်တော်တို့ ဗမာပြည်မှာ ပေါ်ခဲ့တဲ့ နိုင်ငံရေးအဖွဲ့တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေအားလုံး တစ်ယောက်စီ

တစ်ယောက်စီ ခင်ဗျားတို့ စိတ်ကူးထဲမှာ စဉ်ပြီး၊ မာတိကာစဉ်ပြီး စဉ်းစားကြည့်စမ်းပါ။ ဘယ်လိုလူစားတွေလဲ၊ ဘယ်လိုအဖွဲ့လဲဆိုတာ။ အဲဒီအခါမှာ အဖြေထွက်လာမယ်။ ယခုအခါမှာ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးဖြစ်တယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးမှာဆိုရင် အတိုက်အခံဆိုတာ ရှိစမြဲပါပဲ။

**ယခု အစိုးရထဲမှာ လာဘ်စားတဲ့လူတွေ မရှိ**

ဘုရားလက်ထက်က ဘုရားကိုယ်တိုင် အတိုက်အခံနှင့် မကင်းလို့ရှိရင်၊ ကျုပ်တို့လည်း မလွတ်ကင်းနိုင်ဘူး။ အဲဒီလို အတိုက်အခံနှင့် မကင်းတဲ့အပြင် တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုး ဖြစ်နေတယ်။ ဒီလို တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုး ဖြစ်နေတော့ ချွတ်ယွင်းချက်တွေ အမြောက်အမြားရှိတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင်သိတယ်။ ဘယ်အစိုးရမှလည်း ချွတ်ယွင်းချက်မရှိတဲ့အစိုးရ မရှိဘူး။ သို့သော်လည်း တိုင်းပြည်အပေါ်မှာ စေတနာရှင်းရှင်းထားပြီးတော့ တစ်ဆင့်ထက်တစ်ဆင့် ကျွန်တော်တို့ လုပ်လာတဲ့ လုပ်ငန်းဟာ တိုးတက်သလား၊ မတိုးတက်ဘူးလားဆိုတာ ခင်ဗျားတို့ ပြန်ကြည့်ပါ။ ရက်မကြာခင်လောက်ဆိုရင် သခင်နုတို့လည်း ပြန်လာမယ်။ နောက် တော်တော်လေးကြာလာရင် ကျွန်တော်တို့ဟာ တိုင်းပြည်ကို အတိအလင်းကြေညာနိုင်တဲ့ စကားမျိုး လုပ်လာနိုင်ပါဦးမယ်။ အဲဒီလို လုပ်လာတဲ့အခါမှာ ကျွန်တော်တို့ဟာ လွတ်လပ်ရေးလုပ်ငန်းမယ် ဘယ်ထိအောင် တစ်စခန်းတက်လာပြီး ဘယ်ထိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ ဘယ်လို တစ်စခန်းတက်လာပြန်ပြီ အစရှိသည်အားဖြင့် အဲဒီလို အခွင့်အလမ်းတွေကိုလည်း ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။ အဲဒီလို တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကို သော်လည်းကောင်း၊ အခု လွတ်လပ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကို သော်လည်းကောင်း အဲဒီလိုတက်လာတာကို ခင်ဗျားတို့ ရက်မကြာမီမှာ မြင်ရပါလိမ့်မယ်။ အဲဒီလို မြင်ရရုံမကဘူး။ ကျွန်တော်တို့ ဒီအစိုးရနှင့် အရင်ကရှိတဲ့ အစိုးရတွေနှင့် ယှဉ်ကြည့်လိုက်ရင် ကျုပ်ပြောရဲတယ်။ ယခု အစိုးရထဲမှာ လာဘ်စားတဲ့လူတွေ မရှိပါဘူးဆိုတာ ကျုပ်ပြောရဲတယ်။

**တိုင်းပြည်သစ္စာဖောက်တဲ့ ကိစ္စမှာ ရန်သူနံပါတ် (၁) တွေဖြစ်**

အရင်အစိုးရတွေတုန်းက ကျုပ်အတိအလင်း ပြောတယ်။ လာဘ်စားတဲ့ လူတွေ ရှိတယ်။ ခင်ဗျားတို့ ဘာပြောဦးမလဲ။ အဲဒီလို လူတွေက ယခုနေအခါမယ် တိုင်းပြည်ကို မိမိတို့ ပါတီ ပြန်အာဏာရအောင် ခြေထိုးကြတဲ့ကိစ္စမှာ ယောင်ယောင်မှားမှားဖြစ်တဲ့လူတွေဟာ စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တိုင်းပြည်သစ္စာဖောက်တဲ့ ကိစ္စမှာ ရန်သူနံပါတ် (၁) တွေဖြစ်တယ်။ အဲဒီရန်သူနံပါတ် (၁) တွေကို ခင်ဗျားတို့ ထောက်ခံချင်တယ်ဆိုရင် ခင်ဗျားတို့လည်းပင်း ခင်ဗျားတို့ ကြိုးတပ်ကြတာပဲ။ ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မလုပ်လာလို့ အစိုးရဖြစ်တာမဟုတ်ဘူး။ တိုင်းပြည်လူထုရဲ့ ထောက်ခံမှုနဲ့ ကျုပ်တို့ အစိုးရဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့ သိတဲ့တစ်နေ့မှာ ကျုပ်တို့လည်း မနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါပဲ။ သို့သော်လည်းပဲ တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေလဲ။ ရာဇဝင်မှာ အရေးခံမယ့် လူစားမျိုးတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့်မယ်။

**ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မလုပ်လာလို့ အစိုးရ ဖြစ်တာမဟုတ်ဘူး။ တိုင်းပြည်လူထုရဲ့ ထောက်ခံမှုနဲ့ ကျုပ်တို့ အစိုးရဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့သိတဲ့ တစ်နေ့မှာ ကျုပ်တို့လည်း မနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါပဲ။ သို့သော်လည်းပဲ တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေလဲ။ ရာဇဝင်မှာ အရေးခံမယ့် လူစားမျိုးတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ ကိုယ်တိုင် သိပါလိမ့်မယ်။**

စာမျက်နှာ ၉ သို့ ❂

❂ စာမျက်နှာ ၈ မှ

ဒီတော့ကာ လွတ်လပ်ရေးဆိုလို့ ခင်ဗျားတို့ကို ကျွန်တော်တို့ ပြောပြဦးမယ်။ လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ကို ကျွန်တော် ရှင်းခဲ့ချင်တယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ခင်ဗျားတို့စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ် ဆိုလို့ရှိရင်စိတ်ကူးက ဘယ်လိုစိတ်ကူးကြသလဲဆိုလို့ရှိရင် ပဒေသာပင်ကြီး ချက်ချင်းနေ့ချင်း ညချင်းပေါက်လာကြတော့မလို ခင်ဗျားတို့ ထင်ကြတဲ့လူတွေများကြတယ်။ တချို့ကလည်းပဲ ဟာ လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့ ကျွန်တော်အရင်တစ်ခါတုန်းက တွေ့ခဲ့တယ်။ ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ ဘုရားစူးစေ့ ဗမာ့လွတ်လပ်ရေးတုန်းက အဲဒီတုန်းကဆိုလို့ရှိရင် လွတ်လပ်ရေးရပြီးဆိုတော့ကာ ဟင်္သာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာ သွားတဲ့လမ်းပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွားလမ်းလာလုပ်တဲ့လူတွေ အတော်ခွကျတယ်။ အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့ နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။

**ရမ်းကားမှုသာဖြစ်**

ဥပမာ ခင်ဗျား စီးပွားရေးဖြစ်ထွန်းအောင် လုပ်တဲ့နေရာမှာ အနှောင့်အယှက်မရှိစေရဘူး။ အခြားလူတွေရဲ့ အကျိုးပိုမထိခိုက်လို့ရှိရင် အနှောင့်အယှက်မရှိစေရဘူး။ တိုင်းပြည် တစ်ပြည်လုံးရဲ့ အကျိုးကို မထိခိုက်စေရဘူး။ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်စေရဘူး။ ခင်ဗျား လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေရှိရမယ်။ သို့သော်လည်း အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေး မဟုတ်ဘူး။ အဲဒါက ဘာလဲဆိုရင် Licence ခေါ်တယ်။ ဒါဟာ ရမ်းကားမှုသာ ဖြစ်တယ်။

ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင်

**အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော်မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဖသည်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်။**

လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

....ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ် ဆိုလို့ရှိရင်လည်း National Planing ခေါ်တဲ့ အဲဒီ စီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး၊ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်ပါတယ်။ အဲဒီတော့ ပဒေသာပင်ဟာ မြေကပေါက်လာမှာ မဟုတ်ပါဘူး။

ပဒေသာပင် ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးပင်ရသော်ငြားလည်း

၁၉၄၆ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့ ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် ဖဆပလ ညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားနေစဉ်။

လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့ မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။

ဒီတော့ အဲဒီလွတ်လပ်ရေးရတဲ့အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်းအမျိုးမျိုးနဲ့ လုပ်ဆောင်မှာ အနှစ် ၂၀ လောက် ကျွန်တော်တို့ စကားခပ်ရိုင်းရိုင်းပြောရရင်၊ စကားခပ်ရိုင်းရိုင်းပြောရတယ်ဆိုတာ စကားခပ်ရိုင်းရိုင်းပြောမှ လူတွေကမှတ်မိတယ်။ စကားခပ်ရိုင်းရိုင်းဆိုရင် အတော့်ကို ပြဲအောင်ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါအတော်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် ၂၀ လောက်ရှိတဲ့အခါမှာ တော်ကာကျမယ်။ အဲဒီလို မဟုတ်ဘဲ ခင်ဗျားတို့ အလုပ်မလုပ်ဘဲ နေမယ်ဆိုလို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမှာမဟုတ်ပါဘူး။ ယိုးဒယားပြည်ဆိုလို့ရှိရင် လွတ်လပ်တဲ့ နိုင်ငံထဲမှာ ညံ့ညံ့ပင်ဖြစ်ပေမယ့် ကျွန်တော်တို့ ဗမာပြည်နဲ့ စာလိုက်ရင်တော့ ကျွန်တော်တို့ ဗမာပြည် လွတ်လပ်ရင် လွပ်လပ်ချင်းပဲ၊ ယိုးဒယားပြည်က ကျွန်တော်တို့ထက်တော့ သာတာပဲ။ ဘယ်လို သာမလဲဆိုရင် စစ်တပ်တွေဆိုလို့ရှိရင်လည်း ကောင်းကောင်းရှိတယ်။ ရေတပ်တွေလည်း ရှိတယ်။ လေတပ်တွေလည်းရှိတယ်။ အခြားစစ်တပ်တွေလည်း တော်တော်များများရှိတယ်။

အဲဒီလိုအားဖြင့် ယိုးဒယားက ရှိတာရှိတယ်။ ကျွန်တော်တို့မှာ အဲဒီလို မရှိသေးပါဘူး။

ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင်၊ တခြား လွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်းလှမ်းလိုက်နိုင်မှ၊ အဲဒီလို လိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလိုတန်းတူညီတူ ဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှ ကာလပတ်လုံး ဒီ တိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ ဖသည်လို နိုင်ငံမျိုး ဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ်။ အားမှမရှိသေးတော့ အဲဒီလိုပဲ ဖြစ်နေမှာပဲ။ အဲဒီတော့ကာ အင်မတန်ကို ကျွန်တော်တို့ တစ်ခါတည်း ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖသည်သဘောမျိုး၊ နိုင်ငံမျိုး မဖြစ်ဘဲနေမှာ။

အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော်မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဖသည်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်။

**ဆတက်ထမ်းပိုးသာ လုပ်ဖို့လို**

ဒီတော့ ယခုဖြစ်နေတဲ့ အခြေအနေမှာဆိုရင် လွတ်လပ်ရေးကိစ္စနဲ့ ကျွန်တော်တို့ မြင်တာပြောရမယ်ဆိုရင် လွတ်လပ်ရေးဟာရဖို့ အခြေအနေတော့ တော်တော်ကလေး များပါတယ်ဆိုတာ ကျွန်တော်ပြောချင်တယ်။ သို့ပေမယ့်လည်း ကျွန်တော်တို့ဗမာစကားလည်း ရှိတယ်။ အင်္ဂလိပ်စကားလည်းရှိတယ်။ အင်္ဂလိပ်စကားကတော့ Don't hallo till you are out of the wood အရင်တစ်ခါလည်း ကျွန်တော်ပြောသွားပြီးပါပြီ။ စစ်ပွဲကြီးအတွင်းက တောကြီးမျက်မည်းအတွင်းက မထွက်မီခင် ငါတော့ ဘေးလွတ်ပြီလို့ မအော်ပါနဲ့ ဆိုတဲ့ သဘောမျိုးပဲ။ အဲဒီအတိုင်းပဲ။ ကျွန်တော်က တစ်ခါခြသေ့်မင်း ဥပမာကို ပြောရမယ်ဆိုရင် ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ ငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့ နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးစံအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

**လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုး**

ကျွန်တော်တို့ ဗမာတွေမှာ စောက်ကျင့်တစ်ခုရှိတယ်။ ဘာစောက်ကျင့်တစ်ခုလည်းဆိုရင် ဒါကလည်းပဲ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ကြရတဲ့အတွက် ဖြစ်ချင်ဖြစ်မယ်။ ဘာလဲဆိုတော့ ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကို သွားတဲ့အခါ လှေပြိုင်ပွဲတစ်ခုရှိတယ်။ လှေပြိုင်ပွဲလုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေပြိုင်လိုက်တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အသင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်း ရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်၊ ကြွားတယ်၊ တစ်ခါရှုံးတဲ့ နောက်ကနေတဲ့ လှေ ကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုရင် တကယ့်တိုင်းပြည် ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုး မဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး၊ ကျွန်ရဲ့ စိတ်ဓာတ်မျိုး။ ဒီစိတ်ဓာတ်မျိုးရှိနေသမျှကာလပတ်လုံး ကျုပ်တို့ ဗမာတွေ ကျွန်ဖြစ်နေရမှာပဲ။ လွတ်လပ်ရေးရရင်လည်း မြန်မြန်ပြန်ကျွန်ဖြစ်မှာပါပဲ။ နောက်ဆုံးတစ်နေ့ မရှုံးတဲ့ တိုင်အောင် ကျွန်မဖြစ်တဲ့တိုင်အောင် ခုနကလို ဖသည်လွတ်လပ်ရေး ဖြစ်နေမှာပဲ။ ဘာလို့လဲဆိုရင် အကျင့်က အဲဒီလို နည်းနည်းလေးနိုင်လာတယ်၊ ရှေ့ကသာလာတယ်ဆိုရင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစ်စင်းဟာ အဲဒီလို ရှေ့သာလာလို့ တက်ထောင်မိတာနဲ့ ပွဲတစ်ပွဲမှာ ရှုံးကိုသွားတယ်။ အဲဒီလိုဖြစ်တယ်။

**တလွဲဆံပင်ကောင်း**

ပြီးတော့ ဘောလုံးပွဲကိုကြည့်၊ ကျွန်တော်တို့ ဗမာတွေ ဘောလုံးပွဲမှာ ကန်ကြတဲ့ အခါမှာဆိုရင် ကိုယ်က ပထမ စဂိုးသွင်းရတယ်ဆိုရင် အတော်အားတက်လာတယ်။ အားတက်လာတာနဲ့၊ ကန်တာနဲ့၊ ပြုတာနဲ့ နောက်တစ်ခါ အဲဒီလို ဖြစ်တဲ့အခါမှာ တော်တော်လေး ဂိုးလေးများလာတယ်ဆိုရင် လျှော့လျှော့ပေ့ါပေ့ါ ကန်ချင်လာတယ်။ ငါနိုင်မှာပဲဆိုပြီး အဲဒါနဲ့နေပြီး တစ်ဖက်ကနေပြီး နောက်ဆုံးအပြီးသတ်မှာ ကပ်ပြီး ပြန်ပြီးတော့ ဂိုးသွင်းသွားလို့ သရေဖြစ်ဖြစ်၊ ရှုံးတာဖြစ်ဖြစ် ဖြစ်သွားတာမျိုးလည်း ကျွန်တော်တို့ ဘောလုံးရာဇဝင်မှာ ခင်ဗျားတို့ ပြန်စဉ်းစားရင်တော့ တွေ့မှာပဲ။ ဒါတင်မကသေးဘူး၊ ဒီရှုံးသွားတဲ့ လူကလည်း ဘောလုံးကန်လို့ရှိရင် ပထမပိုင်းမှာ နာရီဝက်မှာ ရှုံးသွားရင်တော့ တော်သေးရဲ့။ ကျန်သေးတဲ့ ဒုတိယနာရီဝက်မှာ ကန်လို့ ၁၀ မိနစ်လောက်ကြာတော့ ကိုယ့်ဘက်က ဂိုးမသွင်းနိုင်ဘူးဆိုရင် လူကိုချတယ်။ ဒါ ကျွန်တော်တို့ ဗမာဘောလုံးကန်တဲ့ ဘောလုံးပွဲအကျင့်ပဲ။ အဲဒါ Sporting spirit မရှိဘူး၊ ဒါဘာလဲဆိုလို့ရှိရင် ဗမာတွေ စိတ်ထဲမှာ ဗမာတွေဟာ စိတ်ဓာတ်ထက်တယ်၊ ဘာညာနဲ့ တလွဲဆံပင်ကောင်းနေတယ်ဆိုတာနဲ့ အတူတူပဲ။ ဒီစကားဟာ ဒီနေရာမှာ သုံးဖို့ဟာတွေပဲ။ ဗမာတွေ စိတ်ဓာတ်က မဟုတ်တဲ့ နေရာမှာသွားပြီး ကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံးမကျဘူး။ ဗမာပြည်လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာပြည် ပြန်လည် ထူထောင်ရေးလုပ်တဲ့ နေရာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာ ဗမာချင်းချဖို့သာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတော့ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ ပြန်လည်မထူထောင်နိုင်ဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။ လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေး မဖြစ်နိုင်ဘူး။

အဲဒီတော့ကာ ကျွန်တော်တို့ အဲဒီ စိတ်ဓာတ်မျိုးကို လုံးဝဖျောက်ပစ်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ ဘာအလုပ်ပဲလုပ်လုပ်၊ နောက်ဆုံး တစ်နေ့ပြီးတဲ့အချိန်မှာ ရှုံးမယ်ထင်တယ် ဖြစ်စေ၊ နိုင်မယ်ထင်တယ်ဖြစ်စေ၊ မလျှော့တမ်းဇွဲနဲ့ လုပ်သွားရတယ်။ စစ်တိုက်တဲ့နေရာမှာလည်း အဲဒီအတိုင်း သွားရမယ်။

**စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြ**

အင်္ဂလိပ်တွေကိုကြည့်၊ အင်္ဂလိပ်တွေဟာ ကျွန်တော်တို့အပေါ်မှာ အုပ်ချုပ်နေလို့ ကျွန်တော်တို့က မုန်းပေမယ့် အင်္ဂလိပ်တွေမှာ ချီးမွမ်းစရာတွေ အများကြီးရှိတယ်။ ခုပြီးခဲ့တဲ့စစ်ကြီးမှာ သူတို့ဘယ်လောက် အကျဉ်းအကျပ်ရောက်သလဲ၊ အဲဒီအကျဉ်းအကျပ်ထဲက နေပြီးတော့ကာ တစ်ခါတည်းကို လွတ်မြောက်လာအောင်၊ ဘယ်လောက်တစ်ခါတည်းကို အံကြိတ်ပြီးတော့ ခါးတောင်းကျိုက်ပြီးတော့ ကြိုးစားလာသလဲ၊ ဒီမှုတွေကို ကြည့်ပါ။ အခုလည်းပဲ သူတို့တိုင်းပြည်မှာ နေတာတွေကိုကြည့်။ သူတို့တိုင်းပြည်လည်းပဲ အခုလို ကျပ်ကျပ်တည်းတည်းနေရတာ လူတွေမညည်းဘူးလားဆိုတော့ ပုထုဇဉ်ဘဝ ညည်းတော့ ညည်းကြမှာပါပဲ။ ညည်းကြတယ်၊ ညည်းပင် ညည်းငြားသော်လည်းပဲ စည်းနဲ့ကမ်းနဲ့ ညည်းကြတယ်။ စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြတယ်။ အဲဒီလို လုပ်နေကြတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာတော့ စည်းကမ်းကို ယခုအခါမှာ မရှိဘဲဖြစ်နေတယ်။ စည်းကမ်းမရှိတော့ကာ ယခု နိုင်ငံရေး လုပ်တဲ့နေရာတွေမှာ ယခုအခါမှာ နယ်ချဲ့သမား သဘောကျမယ့် အလုပ်မျိုးကို လုပ်နေတယ်။ ယခု ကျွန်တော် တိတိလင်းလင်း ပြောထားစမ်းမယ်။ ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်းရင်းသားညီညွတ်ရေးတွေဟာ မပြိုကွဲဘဲနဲ့ ဘယ်သူမှ ဖောက်ထွင်းလို့ မရလို့ရှိရင် နောက်ပြီးတော့ကာ လက်ဝဲသမားဆိုတဲ့ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်သည်ထက် ညီညွတ်ရင် အဲဒီအင်အားဟာ ကြီးလျှင်ကြီးသလောက် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ပိုကောင်းလာမယ်။ အဲဒီအင်အားဟာ ငယ်လျှင်ငယ်သလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ ရတယ်။ ။

# (၇၃)နှစ်မြောက် အာဇာနည်နေ့အတွက် အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)တွင် ပြသထားသည့် ပြကွက်များ

ရန်ကုန် ဇူလိုင် ၁၆

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များ ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)၌ အစည်းအဝေးကျင်းပနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခြင်းခံခဲ့ရပြီး ဗိုလ်ချုပ်နှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရသောကြောင့် ယင်းနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ထိုနေ့သည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အစားထိုး၍ ပြန်လည်မရနိုင်သည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ အာဇာနည်နေ့ရောက်တိုင်း အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)ကို ဇူလိုင်လ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ဖွင့်လှစ်ပြသခဲ့ရာ ပြည်သူများ လာရောက်ကြည့်ရှုခွင့်ရခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သောကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အခန်းနှင့် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး ခန်းမတို့ကို ဖွင့်လှစ်ပြသခြင်းမပြုတော့ကြောင်း သိရသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)ကို တွေ့ရစဉ်။

သို့ဖြစ်၍ အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)တွင် ပြသထားသော သမိုင်းဝင်နေရာများ၊ သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ၊ စာရွက်စာတမ်းများပြကွက်များကို ပြည်သူများ သိရှိနိုင်စေရန် သွားရောက်လေ့လာတင်ပြလိုက်ရပါသည်။

အတွင်းဝန်ရုံးကို အနော်မာအနုပညာအုပ်စုကုမ္ပဏီက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိခဲ့ရာ ယခုဆိုလျှင် အတွင်းဝန်ရုံးဟောင်းသည် ခံ့ညားထည်ဝါလျက်ရှိသည်။ အတွင်းဘက်သို့ ဝင်ရောက်လျှင် ပထမဦးဆုံး တွေ့မြင်ရသည်က မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ယခင်ယူနီယံဂျက်အလံအားဖြုတ်ချ၍ နိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည့် သမိုင်းဝင် အထင်ကရနေရာကို တွေ့မြင်ရမည်ဖြစ်ပြီး ၎င်းနေရာ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်ကို တွေ့မြင်ရမည်ဖြစ်သည်။ ကျောက်စာတိုင်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ နာမည်နှင့် ကျဆုံးခဲ့သည့်အချိန်ကို ကမ္ပည်းရေးထိုးထားသည်။

တိုင်းပြုပြည်ပြုလွှတ်တော် ပါလီမန်သမိုင်းဝင် ကျင်းပရာ အဆောက်အအုံအတွင်း၌ ယူနီယံဂျက်အလံပြကွက်၊ ယူနီယံဂျက်အလံနှင့် ကဒေါင်းပြကွက်၊ ကြယ်ငါးပွင့်အလံပြကွက်၊ လွှတ်တော်ရေးကြေညာစာတမ်း၊ သမိုင်းဝင်စာရွက်စာတမ်းပြကွက်၊ ရန္တပိုစာချုပ် စာရွက်စာတမ်းပြကွက်၊ ကင်းဝန်မင်းကြီးနှင့် သမိုင်းဝင် စာရွက်စာတမ်းပြကွက်၊ ပင်လုံစာချုပ် စာရွက်စာတမ်းပြကွက်၊ သမိုင်းဝင်တံဆိပ်တော်များနှင့် စာရွက်စာတမ်းများပြကွက်၊ မြန်မာပြည်နှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ ပြုပြင်အုပ်ချုပ်ရေးတွဲဖက်ကော်မတီ၏ အစီရင်ခံစာအကျဉ်းချုပ်ပြကွက်၊ နု - အက်တလီစာချုပ် စာရွက်စာတမ်းပြကွက်တို့ကို တွေ့မြင်ရမည်ဖြစ်သည်။

တိုင်းပြုပြည်ပြုလွှတ်တော် ပါလီမန်သမိုင်းဝင်ခန်းမကြီးကို တွေ့မြင်ရမည်ဖြစ်ကာ ၎င်းခန်းမကြီး၌ တိုင်းပြုပြည်ပြုလွှတ်တော် အဆောင်အယောင်များနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်တုကြီးများထုလုပ်ကာ ကိုယ်ရေးအကျဉ်းများရေးသားထားသည့်ပြကွက်ကို ပြသထားပြီး ၎င်းဘေးခန်း၌ ယခင်အတွင်းဝန်များရုံး သတင်းစာမှတ်တမ်းများပြကွက်နှင့် ပထမမြောက် မြန်မာနိုင်ငံ၏သမ္မတ ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၊ ဒုတိယမြောက် မြန်မာနိုင်ငံ၏ သမ္မတ ဒေါက်တာဘဦး၊ တတိယမြောက် မြန်မာနိုင်ငံ၏ သမ္မတ မန်းဝင်းမောင်နှင့် မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနုတို့၏ ပုံတူပန်းချီပြကွက်တို့ကို ပြသထားပါကြောင်း တင်ပြလိုက်ရပါသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံအား ဖြုတ်ချ၍ မြန်မာနိုင်ငံအလံကို ပြန်လည်လွှင့်တင်သည့် အလံတိုင်နေရာနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပရာ အဆောက်အအုံတို့ကို တွေ့ရစဉ်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အခန်းကို တွေ့ရစဉ်။

# တရားလွှတ်တော်ရှေ့နေများကောင်စီ အသိပေးကြေညာခြင်း

၁။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၄ အရ ကောင်စီဝင်လောင်း အပြီးသတ်အမည်စာရင်း၊ ပုံစံ (၈) ကို ၁၆-၇-၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲတွင် အောက်ပါ တရားလွှတ်တော်ရှေ့နေများ ရွေးကောက်ခံမည်ဖြစ်ပါသည်-

| စဉ် | တရားလွှတ်တော်ရှေ့နေအမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် |
|---|---|---|
| ၁ | ဦးမြသိန်း | စဉ် - ၉၇၃ |
| ၂ | ဦးညဏ်ဝင်း | စဉ် - ၁၂၀၃ |
| ၃ | ဦးဝင်းလှိုင် | စဉ် - ၁၄၈၄ |
| ၄ | ဦးစိုးတင့်ရည် | စဉ် - ၁၄၈၇ |
| ၅ | ဦးကြည်ဝင်း | စဉ် - ၁၅၀၆ |
| ၆ | ဒေါ်မြင့်မြင့်သန်း | စဉ် - ၁၆၇၀ |
| ၇ | ဦးအောင်ထွန်း | စဉ် - ၁၆၉၀ |
| ၈ | ဦးဘုန်းမြင့် | စဉ် - ၁၇၃၆ |
| ၉ | ဦးစိုင်းမြင့်မောင် | စဉ် - ၁၇၆၀ |
| ၁၀ | ဦးစိန်မြင့် | စဉ် - ၁၇၆၃ |
| ၁၁ | ဦးခင်မောင်သန်း | စဉ် - ၁၇၈၄ |
| ၁၂ | ဦးသိဏ်းချမ်း | စဉ် - ၁၈၃၀ |
| ၁၃ | ဦးကျော်ဟိုး | စဉ် - ၁၉၃၃ |
| ၁၄ | ဦးတက်ဝင်းမြိုင် | စဉ် - ၁၉၅၃ |
| ၁၅ | ဦးလှိုင်ထွဏ်း | စဉ် - ၂၀၃၁ |
| ၁၆ | ဦးနေလ | စဉ် - ၂၀၆၂ |
| ၁၇ | ဦးမင်းအောင် | စဉ် - ၂၁၄၃ |
| ၁၈ | ဒေါ်မိမိခင် | စဉ် - ၂၁၄၅ |
| ၁၉ | ဦးအောင်စိုး | စဉ် - ၂၁၈၂ |
| ၂၀ | ဒေါ်တင်ဝင်း | စဉ် - ၂၁၉၄ |
| ၂၁ | ဦးမြင့်ဌေး | စဉ် - ၂၂၁၂ |
| ၂၂ | ဦးအောင်ကျော်ဖြူ | စဉ် - ၂၂၆၄ |
| ၂၃ | ဦးမောင်မောင်စိုး | စဉ် - ၂၂၈၉ |
| ၂၄ | ဒေါ်မေဘယ်(လ်) | စဉ် - ၂၃၃၉ |
| ၂၅ | ဦးစိန်ဝင်းချမ်း | စဉ် - ၂၃၄၄ |
| ၂၆ | ဦးရောဘတ်စန်းအောင် | စဉ် - ၂၄၆၉ |
| ၂၇ | ဒေါ်မြမြသန်း | စဉ် - ၂၄၉၅ |
| ၂၈ | ဒေါ်ခင်နုသာ | စဉ် - ၂၅၂၃ |
| ၂၉ | ဦးတင်နု | စဉ် - ၂၆၅၉ |
| ၃၀ | ဦးအောင်သိန်း | စဉ် - ၂၇၀၃ |
| ၃၁ | ဦးစန်းလွင် | စဉ် - ၂၇၁၇ |
| ၃၂ | ဦးဝမ်းမောင် | စဉ် - ၂၇၉၆ |
| ၃၃ | ဦးချစ်ကိုကို | စဉ် - ၂၈၀၃ |
| ၃၄ | ဦးညွန့်ရှိန် | စဉ် - ၂၈၀၄ |
| ၃၅ | ဦးနေဝင်း | စဉ် - ၂၈၀၆ |
| ၃၆ | ဦးဘောမ်မိုင် | စဉ် - ၂၉၁၆ |

(ဆက်လက်ဖော်ပြပါမည်)

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့သည် ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

**ညှိနှိုင်းဆွေးနွေး**

တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပြုစုတင်ပြထားသည့် မဲစာရင်းများအရ ဆောင်ရွက်ပေးရမည့်ဒေသများအား အသေးစိတ်ပြုစု၍ ကွင်းဆင်းဆောင်ရွက်ပေးမည့်အစီအစဉ်၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်၍ လိုအပ်သည့်အချက်အလက်များ ဖြည့်သွင်းနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုနှင့် အလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်သည် ယင်းနေ့ မွန်းလွဲ ၂ နာရီကလည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ တိုင်းဒေသကြီးဦးစီးမှူး ဦးစောနိုင်က လက်ရှိနိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် ခရိုင်ဦးစီးမှူးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးခွင့်ရှိသူများ မဲပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**စီမံချက်ချဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ယခင်ကတည်းက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် လုပ်ငန်းဆောင်ရွက်မှုများအား သက်ဆိုင်ရာရုံးအသီးသီး၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မဲပေးခွင့်ရှိသူစာရင်း မှန်ကန်စွာရရှိနိုင်ရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ညှိနှိုင်းပေါင်းစပ်ကာ ကွင်းဆင်းဆောင်ရွက်ပေးရမည့် နယ်မြေများအား စီမံချက်ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြားဒေသများမှ ရွှေ့ပြောင်းနေထိုင်သူများအတွက်လည်း သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်ကာ မှန်ကန်သောစာရင်းများ ရရှိစေရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း ၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေအနေအရပ်ရပ်အား ဘက်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်းများအား ကွန်ပျူတာစနစ်ဖြင့် ပြန်လည်ဖြည့်သွင်းမှတ်တမ်းတင်ဆောင်ရွက်နေမှုလုပ်ငန်းစဉ်အား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အသေးစိတ်ညှိနှိုင်းနိုင်ရန်**

အစည်းအဝေးတွင် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ယခင်ရက်များက ကျင်းပခဲ့သည့် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် ညီလာခံကျင်းပရေး ဗဟိုကော်မတီအစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေးများ၏ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များကို အလျင်အမြန် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် Working Level တွင် အသေးစိတ်ညှိနှိုင်းနိုင်ရန်အတွက် ယနေ့လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရခြင်း၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အရေးကြီးလိုအပ်ချက်များအရ ကိုဗစ်-၁၉ ကာလဖြစ်သော်လည်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် မူဝါဒဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များကိုလည်း ချမှတ်ပေးခဲ့ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးမှ ကော်မတီများဖွဲ့စည်း၍ စီမံချက်များရေးဆွဲပြီး ပူးပေါင်းညှိနှိုင်းရေးကော်မတီသို့ ပေးပို့ခဲ့ကြပြီး ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်လာကြသည့်အတွက် ဖိတ်ကြားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ သတင်းပြန်ကြားရေး၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များ၊ ကော်မတီချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများ၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ကိစ္စများ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ၊ လိုအပ်ပါက လမ်းညွှန်ချက်တောင်းခံရမည့် ကိစ္စများကို ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

**အစီအစဉ်များဆွေးနွေး**

EAOs နှင့် ပါတီအစုအဖွဲ့မှ ညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍ လူအရေအတွက်၊ အမည်စာရင်း၊ ပြည်တွင်း ပြည်ပ ကြိုဆိုပေးရမည့်အစီအစဉ်၊ နေပြည်တော်တွင် တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး အစီအစဉ်၊ လုံခြုံရေးအစီအစဉ်၊ အထူးအားဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ဆိုင်ရာ ဆောင်ရွက်ပေးရမည့်အစီအစဉ်၊ ဘဏ္ဍာရေးဆိုင်ရာ ကျခံဆောင်ရွက်ပေးမည့်အစီအစဉ်၊ အခမ်းအနားအစီအစဉ်၊ ဖွင့်ပွဲနှင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားအစီအစဉ်နှင့် Seating Plan၊ UPDJC၊ JMC နှင့် UPDJC အတွင်းရေးမှူးများအဖွဲ့၏ အစည်းအဝေးများပြုလုပ်မှုနှင့် ကျွေးမွေးဧည့်ခံရေးဆိုင်ရာ Seating Plan၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာ၊ ရိုက်ကူးထုတ်လွှင့်မှု၊ Media များအား ဖိတ်ကြားရေး၊ တည်းခိုရေး၊ ကျွေးမွေးရေး၊ တက်ရောက်သူအားလုံးနှင့် ဝန်ထမ်းများကို ကျန်းမာရေးစစ်ဆေးမည့်အစီအစဉ်၊ လုံခြုံရေးဆိုင်ရာ အစီအစဉ်များအားလုံးကို ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းက ဖိတ်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းငွေဦးက ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းများအတွက် ပြင်ဆင်ထားရှိမှုနှင့် ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းများ စီမံထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူက ညီလာခံတက်ရောက်မည့်သူများအား သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အခမ်းအနားများ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများစီမံထားရှိမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းတာဝန်နှင့်ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က ဘဏ္ဍာရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ UPDJC အတွင်းရေးမှူး ရဲဘော်မျိုးဝင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညီလာခံတက်ရောက်ရန် လာရောက်ရာတွင် ပြည်တွင်း၊ ပြည်ပမှ လာရောက်မည့် အစီအစဉ်များရှိနေသဖြင့် အစိုးရဘက်က ကူညီဆောင်ရွက်ပေးရေး၊ ညီလာခံနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် UPDJC နှင့် JICM အစည်းအဝေးများအတွက် ရောက်ရှိမည့် အချိန်ကာလများအလိုက် ခေတ်ခွဲနမူနာရယူရေးအတွက် အစိုးရဘက်က စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးရေး၊ ပြည်ဝင်လမ်းကြောင်းများအလိုက် Focal Person များ ထားရှိပေးရေးတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးမြင့်စိုးက နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များ UPDJC နှင့် ညီလာခံအစည်းအဝေးများ လာရောက်ရာ၌ ကုန်ကျမည့် ခရီးစရိတ်၊ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်တို့ကို နိုင်ငံရေးပါတီများအစုအဖွဲ့က ကျခံမည့်ကိစ္စ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တွင်ပါဝင်သည့် ပါဝင်သင့်ပါဝင်ထိုက်သူ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကိစ္စ၊ ညီလာခံမတိုင်မီ ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် နေပြည်တော်သို့ လာရောက်မည့် ကိုယ်စားလှယ်များအား ခေတ်ခွဲနမူနာ ရယူရေးကိစ္စ၊ ညီလာခံကိုယ်စားလှယ်များ မှတ်တမ်းဓာတ်ပုံရိုက်ကူးရေး ကိစ္စတို့ကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက မိမိတို့ ဗဟိုကော်မတီအစည်းအဝေးနှင့် လုပ်ငန်းကော်မတီအစည်းအဝေး သုံးကြိမ် ပြုလုပ်ခဲ့ပြီး EAO အစုအဖွဲ့၊ ပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တစ်ခါမှဆွေးနွေးမှု မပြုလုပ်ရသေးသည့်အတွက် အသေးစိတ်ဆွေးနွေးညှိနှိုင်းရန်နှင့် ရှင်းလင်းပြောကြားရန် လိုအပ်သည့်အတွက် လုပ်ငန်းကော်မတီဝင်များကို လူစုံ ဖိတ်ကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးမကျင်းပမီ ညှိနှိုင်းရန် ကိစ္စရပ်များ ပေါ်ပေါက်လာပါက တယ်လီဖုန်း၊ Fax၊ Email နှင့် စာများပေးပို့၍ Contact Person များမှတစ်ဆင့် ညှိနှိုင်းကြရန်လည်း ထပ်လောင်းမေတ္တာရပ်ခံလိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း မိမိတို့ပူးပေါင်းညှိနှိုင်းရေးကော်မတီကို သင့်ရာနည်းနှင့် ပေးပို့ကြစေလိုကြောင်း၊ ဗဟိုကော်မတီသို့တင်ပြပြီး အတည်ပြုချက်များ တောင်းခံရယူပေးသွားရန် ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်နိုင်ပြီဟု ရုရှားတပ်မတော်ပြော

**မော်စကို ဇူလိုင် ၁၆**

စေတနာ့ဝန်ထမ်းများပါဝင်သည့် အဖွဲ့တစ်ဖွဲ့နှင့် လက်တွေ့ စမ်းသပ်မှုများပြုလုပ်ပြီးနောက် အန္တရာယ်ကင်းသော ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ လက်တွေ့သုတေသနတွင် လူ ၁၈ ဦး ပါဝင်ခဲ့ပြီး ကျန်းမာရေးအရ နေထိုင်မကောင်းမှုများ၊ ဘေးထွက်ဆိုးကျိုးများမရှိခဲ့ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

လက်တွေ့စမ်းသပ်မှုရလဒ်များကြောင့် ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံနိုင်ပြီး လက်ခံနိုင်စရာကောင်းသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ အလားတူ လက်တွေ့ စမ်းသပ်မှုများ လုပ်ဆောင်နေသည့် ဆရာဝန်တစ်ဦးက စေတနာ့ဝန်ထမ်းများကို ယခုအခါ ကိုရိုနာဗိုင်းရပ်စ် အန္တရာယ်မှ ကာကွယ်နိုင်ပြီဟု ပြောကြားခဲ့သည်။ ရုရှားတပ်မတော်မှ သုတေသီများက မော်စကိုမြို့ရှိ ဂါမီလီယာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များနှင့်အတူ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်နေကြောင်း ရုရှားနိုင်ငံ၌ ကပ်ရောဂါအဆိုးရွားဆုံးဖြစ်ပွားနေစဉ် မေလနှောင်းပိုင်း၌ ကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုအီဂူက သမ္မတ ဗလာဒီမာပူတင်သို့ ပြောကြားခဲ့သည်။

**လက်တွေ့စမ်းသပ်မှုများ**
**ဇူလိုင်လအကုန်တွင် အလုံးစုံပြီးစီးမည်ဟု မျှော်မှန်း**

ဇွန် ၁၈ ရက်ကတည်းက လက်တွေ့စမ်းသပ်မှုတွင် ပါဝင်သူ စေတနာ့ဝန်ထမ်းများကို မော်စကိုမြို့ရှိ ဘူဒန်ကို စစ်ဆေးရုံ၌ သီးသန့်ခွဲထားခဲ့သည်။ "ကာကွယ်ဆေးက ရာနှုန်းပြည့် ကာကွယ်ပေးတယ်ဆိုတာ အခု ကျွန်တော်တို့ သိလာပါပြီ" ဟု စမ်းသပ်မှုများတွင် ပါဝင်ခဲ့သည့် တပ်မတော်သားတစ်ဦးဖြစ်သူ ယူရီက ပြောသည်။

ဇွန် ၂၃ ရက်တွင် ကာကွယ်ဆေးထိုးထားသည့် လက်တွေ့စမ်းသပ်မှုတွင်ပါဝင်သည့် ဒုတိယမြောက်အဖွဲ့ဝင်များကို လက်ရှိတွင် ဆေးရုံ၌ သီးသန့်ခွဲထားပြီး လက်တွေ့ စမ်းသပ်မှုများမှာ ဇူလိုင်လအကုန်တွင် အလုံးစုံပြီးစီးမည်ဟု မျှော်မှန်းရကြောင်း ဝန်ကြီးဌာနက ပြောသည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု စတုတ္ထအများဆုံးနိုင်ငံဖြစ်ပြီး ဓာတ်ခွဲ အတည်ပြုလူနာ ၇၄၆၃၆၉ ဦးနှင့် သေဆုံးသူ ၁၂၀၀၀ နီးပါး ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၁၅ ရက် တွင် ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဆိုးလ် ဇူလိုင် ၁၆**

တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များသည် တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့က ယနေ့ပြောကြားသည်။

**ရောဂါကူးစက်ခံရ**

တောင်ကိုရီးယား အခြေစိုက် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်နှစ်ဦးသည် ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တောင်ကိုရီးယား အခြေစိုက် အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

တောင်ကိုရီးယား အခြေစိုက် အမေရိကန် လေတပ်စခန်းသည် မြို့တော်ဆိုးလ်မြို့မှ ကီလိုမီတာ ၇၀ ခန့် အကွာရှိ ပြောင်တက်ခ်အရပ်တွင် တည်ရှိကြောင်း သိရသည်။

**စောင့်ကြပ်ရေးစင်တာများသို့ ပို့ဆောင်**

၎င်းတို့အား ပြောင်တက်ခ်အရပ်ရှိ ကမ့်ဟုန်ဖရေးစ် သို့မဟုတ် အိုဆန် လေတပ်အခြေပြုစခန်းရှိ သီးခြား စောင့်ကြပ်ရေးစင်တာများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ရောဂါပိုးရှိကြောင်း**
**အတည်ပြုခြင်းခံရ**

ယခုအခါ တောင်ကိုရီးယား အခြေစိုက် အမေရိကန်တပ်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အမေရိကန်တပ်ဖွဲ့ဝင် ၈၈ ဦးရှိလာပြီး ၎င်းတို့အနက် ၁၁ ဦးသည် ဇူလိုင် ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း အတည်ပြုခြင်းခံရပြီး ကိုးဦးသည် ဇူလိုင် ၁၀ ရက်က ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း အတည်ပြုခြင်းခံရသည်ဟု တောင်ကိုရီးယားနိုင်ငံ၏ သတင်းဌာနတစ်ခုဖြစ်သည့် ယွန်ဟပ် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

ဇူလိုင် ၁၃ ရက်က တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၁ ဦးထပ်မံ စမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၆၁၂ ဦးရှိလာကြောင်း သိရသည်။ အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ၄၇ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လာသူများမှတစ်ဆင့် ကူးစက်ခံရခြင်းဖြစ်ပြီး ရက်ပေါင်း ၁၁၃ ရက်အတွင်း ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံး ဖြစ်လာခဲ့သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ထင်ရှားကျော်ကြားသူများ၏ တွစ်တာစာမျက်နှာများ တိုက်ခိုက်ခံရ

**ဆန်ဖရန်စစ္စကို ဇူလိုင် ၁၆**

အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်၊ ဘီလ်ဂိတ်၊ အယ်လွန်မတ်စ် စသော ကျော်ကြားသည့်ပုဂ္ဂိုလ်များ၏ တွစ်တာအကောင့်များ ယမန်နေ့က တိုက်ခိုက်ခံရကြောင်း သိရသည်။

အလားတူ မိမိတို့ကုမ္ပဏီအတွင်းမှ နည်းပညာကျွမ်းကျင်သူဝန်ထမ်းများ၏ အကောင့်များကိုလည်း တိုက်ခိုက်ခဲ့ကြောင်းနှင့် ဒစ်ဂျစ်တယ် ငွေကြေးဆိုင်ရာ အရှုပ်အထွေးကို ကြီးထွားလာစေရန် တိုက်ခိုက်သူများက ရည်ရွယ်ထားကြောင်း တွစ်တာကပြောကြားသည်။

ထင်ရှားသူများဖြစ်သည့် အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘားမား၊ အနုပညာရှင်ကေနီဝက်စ်၊ ကင်းကာဒူရှန်ဝှစ်နှင့် သန်းကြွယ်သူဌေးများဖြစ်သည့် ဝါရင်ဘတ်ဖတ်စ်၊ ဂျက်ဘီဇော့စ်နှင့် မိုက်ကယ်ဘလွန်းဘတ်တို့၏ တွစ်တာအကောင့်များတွင် တိုက်ခိုက်သူများက အင်တာနက်ဆိုင်ရာငွေကြေးဝန်ဆောင်မှုဖြစ်သည့် Bitcoin မှတစ်ဆင့် ငွေလှူဒါန်းရန် တိုက်တွန်းခဲ့သည်။ ဘီလ်ဂိတ်၏ တွစ်တာအကောင့်တွင် ဆိုက်ဘာတိုက်ခိုက်သူများက "ခင်ဗျားယူထားတဲ့ပိုက်ဆံတွေ ပြန်ပေးပါ။ အခုအချိန်ကျနေပါပြီ"ဟု ရေးသားထားသည်။

အဆိုပါတိုက်ခိုက်ခံရသော တွစ်တာစာမျက်နှာများအား တွစ်တာက ချက်ချင်းပိတ်ပင်ခဲ့ပြီး ရေးသားထားသော စာသားများကိုလည်း ဖယ်ရှားခဲ့သည်။ တွစ်တာ၏ အမှုဆောင်အရာရှိချုပ် ဂျက်ဒေါ်ဆီက ကျွန်တော်တို့အနေနဲ့ တိုက်ခိုက်ခံရတဲ့ တွစ်တာစာမျက်နှာတွေကို စစ်ဆေးပြီး စိတ်ချရမှသာ ၎င်းအကောင့်ပိုင်ရှင်များကို ပြန်လည်အသုံးပြုခွင့်ပေးသွားမည်ဟု ပြောကြားသည်။

**ကိုးကား-စီအင်န်အင်န်**
**ဘာသာပြန်-စိုးသူရ**

# အက်ပဲလ်ကုမ္ပဏီအား အခွန်လျှော့ပေါ့ပေးဆောင်စေသည့် ဥရောပကော်မရှင်၏ ဆုံးဖြတ်ချက်သည် တရားမဝင်ကြောင်း ဥရောပသမဂ္ဂပြောကြား

**ဘရပ်ဆဲလ် ဇူလိုင် ၁၆**

အမေရိကန် နည်းပညာကုမ္ပဏီဖြစ်သည့် အဲလ်ပဲလ်အား အိုင်ယာလန်တာဝန်ရှိသူများထံ အခွန်လျှော့ပေါ့ပေးဆောင်စေရန် ချမှတ်ခဲ့သော ဥရောပကော်မရှင်၏ ဆုံးဖြတ်ချက်သည် တရားမဝင်ကြောင်း ဥရောပသမဂ္ဂ၏ တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ဥရောပသမဂ္ဂ၏ အရေးအရာများကို ဖြေရှင်းသော အဆိုပါတရားရုံးက ဥရောပကော်မရှင်၏ ဆုံးဖြတ်ချက်သည် သက်သေအထောက်အထား မပြည့်စုံကြောင်းပြောကြားခဲ့ပြီး အဲလ်ပဲလ်အနေဖြင့် တရားမဝင်သောနည်းဖြင့် အခွင့်အရေးရယူခဲ့သည်ဟု ပြောကြားသည်။

၂၀၁၆ ခုနှစ်တွင် ဥရောပကော်မရှင်က အိုင်ယာလန်အစိုးရအား အက်ပဲလ်ကုမ္ပဏီအနေဖြင့် ယူရိုငွေ ၁၃ ဘီလီယံကိုသာ လျှော့ချပေးဆောင်မှုပြုလုပ်နိုင်ရန် တောင်းဆိုခဲ့သည်။

သို့သော် အိုင်ယာလန်အစိုးရက အဲလ်ပဲလ်ကုမ္ပဏီအား ရရန်ရှိသည့် အတိုးများအပါအဝင် ယူရိုငွေ ၁၄ ဒသမ ၃ ဘီလီယံပေးဆောင်စေခဲ့သဖြင့် အငြင်းပွားမှုများဖြစ်ပွားကာ ဥရောပသမဂ္ဂ၏ တရားရုံးတွင် အဆုံးအဖြတ်ခံယူခဲ့ရသည်။ အမေရိကန်ကုမ္ပဏီများဖြစ်သော ဂူဂဲလ်၊ အက်ပဲလ်၊ ဖေ့စ်ဘွတ်၊ အမေဇုန်တို့သည် အမြတ်အစွန်းများစွာရရှိသော်လည်း အခွန်ငွေပေးဆောင်ရာတွင် နည်းပါးကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# မြောက်ကိုရီးယားနှင့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပွန်ပီယို တောင်းဆို

**ဝါရှင်တန် ဇူလိုင် ၁၆**
မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယား လက်နက် အပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီချက်ရှိ အချက်အလက်များကို အကောင်အထည်ဖော်ရေး အဆင့်မြင့်ဆွေးနွေးပွဲများပြန်လည်စတင်ရေး သဘောတူညီရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက တောင်းဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ရှုပ်ထွေးသည့်တုံ့ပြန်မှုများကိုသာ လုပ်ဆောင်နေကြောင်းလည်း မိုက်ပွန်ပီယိုက သည်ပေးလ်သတင်းစာနှင့် အွန်လိုင်းတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ယနေ့ ထောက်ပြခဲ့သည်။ ထို့ပြင် စင်ကာပူနိုင်ငံတွင် ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များကို အမှန်တကယ်တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ပါကြောင်းနှင့် အောင်မြင်မှုအလားအလာရှိသည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါက ထိပ်သီးအစည်းအဝေးတစ်ရပ်အတွင်း စေ့စပ်ညှိနှိုင်းရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဆန္ဒရှိပါကြောင်းလည်း မိုက်ပွန်ပီယိုက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလမတိုင်မီ အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပရန်မှာ ဖြစ်နိုင်ခြေနည်းပါးကြောင်းလည်း မိုက်ပွန်ပီယိုက ပြောကြားခဲ့သည်။

ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ကျော်ဖြတ်ရန်အတွက် မဝေးတော့သည့် အနာဂတ်ကာလအတွင်း အဆင့်မြင့်ဆွေးနွေးပွဲများပြန်လည်စတင်ရန် မျှော်လင့်ပါကြောင်းလည်း မိုက်ပွန်ပီယိုက အခြားသော အွန်လိုင်းတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်၏ညီမဖြစ်သူ ကင်ယိုဂျောင်က နောက်တစ်ကြိမ်ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲသည် အချည်းနှီးသာဖြစ်မည်ဖြစ်ကြောင်း ပြီးခဲ့သည့်တစ်ပတ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယားအပေါ် ရန်လိုသည့်မူဝါဒကို အမေရိကန်နိုင်ငံအနေဖြင့် ဖြေလျှော့ပေးပါက နျူကလီးယားလက်နက် အပြီးတိုင်ဖျက်သိမ်းရေးအစီအစဉ်သည် ဖြစ်နိုင်မည့် အလားအလာရှိပါကြောင်း ၎င်းက ပြောကြားခဲ့သည်။ အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ပြီးခဲ့သည့် အောက်တိုဘာလနောက်ပိုင်းကတည်းက အဆင့်မြင့်ဆွေးနွေးပွဲများ ကျင်းပရန် ချိတ်ဆက်မှုများမရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးဝါးအကူအညီများ ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိ

**နူဆူလ်တန် ဇူလိုင် ၁၆**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများသယ်ဆောင်လာသော လေယာဉ်တစ်စင်းမှာ ယမန်နေ့က အယ်လ်မာတီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာခဲ့ကြောင်း ကာဇက်စတန် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းတန်ကြေးရှိ ဆေးဝါးအကူအညီများတွင် အသက်ရှူအထောက်အကူပြုကိရိယာ၊ နှာခေါင်းစည်း၊ မျက်နှာကာနှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၃ တန် ပါဝင်သည်။ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို ကာဇက်စတန်နိုင်ငံရှိ ကျန်းမာရေးလုပ်သားများကို ပေးအပ်မည်ဖြစ်သည်။ "ကျန်းမာရေးလုပ်သားတွေက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာမှာ အခြေခံကျတဲ့ အခန်းကဏ္ဍတစ်ရပ်က ပါဝင်နေပြီး သူတို့နဲ့ လူနာတွေကို ကာကွယ်မယ့် လိုအပ်တဲ့နည်းလမ်းတွေ ထောက်ပံ့ပေးရမှာဖြစ်ပါတယ်" ဟု ကာဇက်စတန်နိုင်ငံဆိုင်ရာ WHO ရုံး အကြီးအကဲ ကာရိုလိုင်း ကလာရင်ဗယ်က ပြောသည်။

WHO က ကိုဗစ်-၁၉ ရောဂါ ကူညီတိုက်ဖျက်ရန် ကာဇက်စတန်နိုင်ငံသို့ အတတ်ပညာနှင့် ဆေးဝါးအကူအညီများ ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း ၎င်းက ကတိပြုခဲ့သည်။ ဇူလိုင် ၁၆ ရက်အထိ ကာဇက်စတန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ခတ်ခဲ့အတည်ပြုလူနာ ၆၅၁၈၈ ဦး၊ သေဆုံးသူ ၃၇၅ ဦးနှင့် ပိုးကင်းစင်သူ ၃၈၀၀၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုတားဆီးရေး ဆောင်ရွက်ကြရန် အမေရိကန်လူငယ်များအား ဒေါက်တာအန်တိုနီဖော်စီ ပြောကြား

**နယူးယောက် ဇူလိုင် ၁၆**
အမေရိကန်နိုင်ငံရှိ လူငယ်များအား ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုတားဆီးနိုင်ရန်အတွက် လူထူထပ်သော နေရာများကို ရှောင်ရှားကြရန်နှင့် နှာခေါင်းစည်းများ ဝတ်ဆင်ကြရန် အမေရိကန်နိုင်ငံ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အကြီးအကဲ ဒေါက်တာအန်တိုနီဖော်စီက ဇူလိုင် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

အမျိုးသားအရေပြားရောဂါနှင့် ကူးစက်ရောဂါတက္ကသိုလ်မှ အကြီးအကဲ ဒေါက်တာအန်တိုနီဖော်စီက တက္ကသိုလ်ကျောင်းသားများကို ရည်ရွယ်ပြီး အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လူငယ်များအနေဖြင့် လူအများအပြားရှိသည့် နေရာများတွင် နှာခေါင်းစည်းများမဝတ်ဆင်ဘဲ သွားလာနေသည်ကို တွေ့ရှိရပြီး ၎င်းတို့ထံတွင် ရောဂါလက္ခဏာများ မပြသသော်လည်း အခြားသူများထံသို့ ကူးစက်ရန်အခွင့်အရေးများရှိကြောင်း ပြောကြားသည်။

၎င်းတို့၏ဆောင်ရွက်ချက်များသည် အခြားသူများအတွက် အန္တရာယ်ရှိစေနိုင်ပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ မမှန်သတင်းများကိုလည်း ပြန့်ပွားစေနိုင်ကြောင်း ပြောကြားသည်။ လူငယ်များအနေဖြင့် ရောဂါကာကွယ်ရေးကို ဆောင်ရွက်ကြရန်လည်း ၎င်းက ပြောကြားခဲ့သည်။ အမေရိကန်ရုပ်မြင်သံကြားဌာနဖြစ်သော အေဘီစီ၏ ပြောကြားချက်အရ အမေရိကန်၏ ပြည်နယ် ၃၈ ခုတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# ရေနံထုတ်လုပ်သည့်နိုင်ငံများက ဩဂုတ်လတွင် ရေနံထုတ်လုပ်မှုတိုးမြှင့်မည်

**ရီယာ့ဒ် ဇူလိုင် ၁၆**
ရေနံထုတ်လုပ်သည့်နိုင်ငံများသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများစုတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သည့်အတွက် ဝယ်လိုအားပြန်လည်မြင့်တက်လာမည်ဟု မျှော်လင့်ကာ ရေနံထုတ်လုပ်မှုလျှော့ချထားမှုကို ဖြေလျှော့ပေးကာ ဩဂုတ်လတွင် ရေနံထုတ်လုပ်မှုကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံနှင့် ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့(အိုပက်)မှ အဖွဲ့ဝင်နိုင်ငံများသည် တစ်ရက်လျှင် ရေနံစည် ၉ ဒသမ ၇ သန်းအထောက်အပံ့ပေးလျက်ရှိပြီး ယင်းပမာဏသည် ကမ္ဘာတစ်ဝန်း ရေနံစိမ်းဈေးနှုန်းများ ထိန်းချုပ်ခဲ့သည့် မေလနောက်ပိုင်း ကမ္ဘာ့ရေနံထုတ်လုပ်မှုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းရှိသည်။

အဆိုပါရေနံထုတ်လုပ်သည့်နိုင်ငံများသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရေနံဝယ်လိုအား သိသိသာသာ လျော့ကျလာသည့်အတွက် ရေနံထုတ်လုပ်မှုကို လျှော့ချရန်စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းရေနံထုတ်လုပ်မှုလျှော့ချခြင်းကို ယခုလကုန်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် အခြားသော ရေနံထုတ်လုပ်သည့်နိုင်ငံများသည် ဇူလိုင် ၁၅ ရက်တွင် ဗီဒီယိုကွန်ဖရင့်တစ်ရပ်ကျင်းပခဲ့ပြီး ကမ္ဘာ့စီးပွားရေးလုပ်ငန်းများပြန်လည်စတင်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဝယ်လိုအား ပြန်လည်ဦးမော့လာသည့်အတွက် ရေနံထုတ်လုပ်မှုအချိုးအစားကို တိုးမြှင့်ရန် မျှော်လင့်ထားကြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# ကင်းထောက်လေယာဉ် ပျက်ကျမှုကြောင့် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး



**အန်ကာရာ ဇူလိုင် ၁၆**
တူရကီနိုင်ငံအရှေ့ပိုင်းတွင် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ တူရကီလုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ ဖော်ပြခဲ့သည်။

ဗန်ပြည်နယ်၌ ကင်းထောက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန အနာဒိုလူက တူရကီပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး မီမက်အီမင်ဘီလ်မက်ဇ်က ကျဆုံးသွားသော တူရကီစစ်သည်များအား တွစ်တာ၌ ချီးကျူးဂုဏ်ပြုခဲ့ပြီး ကျန်ရစ်သူမိသားစုများထံ ဝမ်းနည်းစကားများ ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုနှင့်ဆိုင်သော အစိုးရ၏ စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း တူရကီနိုင်ငံအနောက်ပိုင်း အိုင်မာပြည်နယ်၌ စစ်ဘက်လေ့ကျင့်ရေးလေယာဉ်တစ်စင်း လေ့ကျင့်မှုပြုလုပ်နေစဉ် ပျက်ကျခဲ့ရာ တူရကီလေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့သည်။

အီရန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဝေးလံခေါင်ဖျားသော တောင်ကုန်းထူထပ်ရာ တူရကီနိုင်ငံ အရှေ့ပိုင်း ဗန်ပြည်နယ်၌ ပြီးခဲ့သော ဖေဖော်ဝါရီလအတွင်း ရေခဲပြိုကျမှုများကြောင့် လူ ၄၁ ဦး သေဆုံးခဲ့သည်။ **ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၇၃၉၆၃၂ ဦး |
| သေဆုံးသူ | ၅၈၇၉၁၉ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၁၈၉၂၁၁ ဦး |

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံတစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၊ ရေနံတွန်ကျေးရွာ၌ ဇူလိုင် ၁၃ ရက်တွင် ဖမ်းဆီးရမိခဲ့သော AA အကြမ်းဖက်သောင်းကျန်းသူ အမာခံတစ်ဦးဖြစ်သည့် စောမောင်(ဘ)ဦးမောင်စောသိန်းအား စစ်ဆေးမေးမြန်းချက်များအရ တစ်ရွာတည်းနေ ညီဖြစ်သူ ညီညီထွန်း (ဘ) ဦးမောင်စောသိန်းသည် AA အကြမ်းဖက်သောင်းကျန်းသူ အမာခံတစ်ဦးဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ရေနံတွန်ကျေးရွာလမ်း အဝင်၊ အထွက်များအားပိတ်ဆို့၍ ညီညီထွန်း၏နေအိမ်အား ရှာဖွေရာ အသွား ၉ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့် ဓာတ်ခဲအားသွင်းခုံတစ်ခုအပါအဝင် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာသို့ ပို့ဆောင်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



နိုင်အေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ချမ်းမြသာစည်မြို့နယ်၌ အမျိုးသားနှစ်ဦးကို ဝိုင်းရိုက်သူများအား ဖမ်းမိ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၄၈ လမ်းနှင့် မနော်ဟရီလမ်းထောင့်တွင် အမျိုးသားနှစ်ဦးကို ဝိုင်းရိုက်သူ ၁၀ ဦးအား ဇူလိုင် ၁၄ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ချမ်းမြသာစည်မြို့နယ်နေ အောင်ကျော်ဇင်နှင့် မင်းထက်တို့သည် ဇူလိုင် ၁၀ ရက် ည ၉ နာရီက ၄၈ လမ်းအတိုင်း ဆိုင်ကယ်စီးနင်းလာစဉ် ၄၈ လမ်းနှင့် မနော်ဟရီမီးပွိုင့်အရောက်တွင် ဆိုင်ကယ်ငါးစီးဖြင့် လူငယ်တစ်စုက လမ်းပိတ်ပြီးရန်စကာ ဒူးထောက်ခိုင်းပြီး တုတ်ဖြင့်ရိုက်၊ ပုလင်းဖြင့်ရိုက်၊ ကျောက်လုံးဖြင့်ထိုး၊ ဓားဖြင့်ခုတ်ခဲ့ပြီး ထွက်ပြေးသွားကြသည်။ ရိုက်နှက်ခံရသည့် အောင်ကျော်ဇင်နှင့် မင်းထက်တို့တွင် ဦးခေါင်းပေါက်ပြဲ ဒဏ်ရာ၊ လက်၊ ပခုံးဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ပင်လယ်နယ်မြေရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ရာ သက်ဖြိုးအောင်၊ မင်းသက်ဇော်၊ ထက်မင်းလင်း၊ ပိုင်သူထက်၊ ကျော်ဇင်ဖြိုး၊ အောင်မြင့်မြတ်၊ နန္ဒဇော်၊ ချမ်းမြေ့အောင်နှင့်ကျော်မိုးဝင်းတို့အား ဇူလိုင် ၁၄ ရက်တွင် ဖမ်းမိပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပေါင်းလောင်းမြို့၌ ငွေကျပ်သိန်း ၂၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီခွဲက ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ လိန်းလီတံတားတွင် နိုင်အေး မောင်းနှင်လာသည့်ယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ပေါင်းလောင်းမြို့ ဖိုကုန်းနယ်မြေရဲစခန်းရှေ့တွင် ဖမ်းဆီးရမိပြီး ယာဉ်နောက်ခန်းအတွင်းမှ ဆာလာအိတ်ဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် နိုင်အေးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဘားအံမြို့နယ်၌ လူသတ်မှုကျူးလွန်သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် လူသတ်မှုကျူးလွန်သူသုံးဦးကို ဖော်ထုတ်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့နယ် ဇာသပြင် အနောက်ကျေးရွာအုပ်စု ကော့ကျိုက်ကျေးရွာနေ ဦးဝင်းအောင်(ခ) ကာလီသည် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် ၎င်းပိုင်သော ကော့မစွယ်ကုန်းရှိ ကြက်မောက်/ ကျွဲကောခြံသို့ရောက်ရှိစဉ် ခြံစောင့်အလုပ်သမားဖြစ်သူ ကျုံမဲ(ခ) တင်အေးမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိသဖြင့် အရေးယူပေးပါရန် တိုင်တန်း၍ ဇာသပြင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

ဇာသပြင်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျင်နိုင်နှင့်အဖွဲ့က မသင်္ကာသူများဖြစ်သည့် ကိုမျိုး(ခ)ကုလား၊ ဝင်းအောင်ဌေး၊ ဆံရှည်(ခ)ကျော်ကျော်တို့အား ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းတို့မှာ ကျုံမဲ(ခ)တင်အေးနှင့်အတူ အရက်အတူသောက်စဉ် စကားများရန်ဖြစ်ပြီး တုတ်ဖြင့် ရိုက်သတ်ခဲ့ကြောင်း ထွက်ဆိုသဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# မြဝတီမြို့၌ ဒေသန္တရအမိန့် ဖောက်ဖျက်သူများအား အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

ကရင်ပြည်နယ် မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက် ၃ နာရီက မြဝတီမြို့ (၄)ရပ်ကွက် မြေနီကုန်းလမ်း၌ အောင်ဆန်းဦးပါ ရှစ်ဦးအား ညမထွက်ရ ဒေသန္တရအမိန့် ဖောက်ဖျက်ကာ သွားလာနေသည်ကို တွေ့ရှိရ၍ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်တရားစွဲ တင်ပို့ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၆ စီး၊ သွင်းကုန် ၄၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၈၄ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် SPRINLY Classic Beer (330ml) (1x24) 70 pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မဖြစ်သင့်သည်များ မဖြစ်အောင် ကာကွယ်သည့် ခြေလှမ်းများကို လှမ်းရ

ပြည်သူများ၏ လုံခြုံမှု လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် မဖြစ်သင့်သည်များ မဖြစ်အောင် ယခုချိန်မှစပြီး ကာကွယ်သည့်ခြေလှမ်းများကိုလည်း လှမ်းရပါကြောင်း၊ ပြဿနာဖြစ်ပြီးမှ ကုသခြင်းထက် ကာကွယ်သည်က ပိုကောင်းပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့်အတွက် ဝင်ငွေပြတ်သွားပြီး ဒုက္ခရောက်သည့်အခါမှ ကူညီခြင်းထက် ဝင်ငွေမပြတ်အောင် မည်သို့နည်းလမ်းများချမှတ်ရမည်ကို နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းရှင်များဘက်က ဝိုင်းပြီး စဉ်းစားပေးစေလိုပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၃-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၉၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၈၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၃) ခု၊

စုစုပေါင်း (၁၆၂၀)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ (၁၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄) ဦး (Case- 295, 297, 298, 307) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၇၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၅၃)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၅-၇-၂၀၂၀) ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၆-၇-၂၀၂၀)ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၆) ဦး ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၉၅) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၉) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၅) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၈) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက်
### (၁၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၃၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်သွားသူ (recovered) | (၄) ဦး | (၂၇၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၁၆-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
### ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၃၃၈ | ၂၄-နှစ် | ကျား | [illegible] | မရှိ | ရှိ (ထိုင်း) | [illegible] (မန္တလေး) | တွေ့ရှိ | [illegible] |
| ၃၃၉ | ၂၇-နှစ် | ကျား | [illegible] | မရှိ | မရှိ | [illegible] | တွေ့ရှိ | [illegible] |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၆-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၅-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၄၂)ခုတွင်
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိပါ။

၂။ (၁၆-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၃၇) ဦးရှိပါသည်။

၃။ သို့ဖြစ်ရာ (၁၅-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၇၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခု နှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၉) ခု

စုစုပေါင်း (၁၄၂၉)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၆-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၅-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၄၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဇူလိုင် ၁၆**

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။

### လစ်ဟာမှုမရှိလုပ်ဆောင်

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကူးစက်မှု မရှိစေရေးသည် လက်ရှိအချိန်၌ နိုင်ငံအတွက် အထူးအရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်သဖြင့် မိမိတို့အားလုံး စုပေါင်းညှိနှိုင်း၍ သေချာစွာ စနစ်တကျဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူလူနာ စတင်တွေ့ရှိခဲ့ရစဉ်ကကဲ့သို့ပင် သတိအပြည့်၊ အားစိုက်မှုအပြည့်တို့ဖြင့် ကူးစက်မှု ဒုတိယလှိုင်း မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လုံးဝလစ်ဟာမှုမရှိစေဘဲ လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ကျောင်းများ၌ ရောဂါမဖြစ်ပွားစေရန် ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍသည်အလွန်အရေးကြီးသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုရမည် ဖြစ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့မှသာမက အခြားနီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူ၊ မိဘများ၊ မိဘဆရာအသင်းများအားလုံး၏ စုစည်းညီညွတ်စွာ ဆောင်ရွက်ပါက ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါးပါကြောင်း။

မိမိတို့အနေဖြင့် ကျောင်းသားများ စာသင်ကြားမှု အခွင့်အရေးကို မဆုံးရှုံးစေရန်အတွက် မြန်မာနိုင်ငံ၌ ဤရောဂါ လောလောဆယ်ဖြစ်ပွားမှုနှင့် ကူးစက်ပျံ့နှံ့မှု ပုံစံအခြေအနေများကို နောက်ခံထားချိန်ထိုးစဉ်းစား၍ ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သော ရောဂါ ဖြစ်သည့်အတွက် ကူးစက်ပျံ့နှံ့မှုနှုန်းမှာ မြန်သည်ဆိုသည့် အချက်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် ကျောင်းတွင် ရောဂါကူးစက်ဖြစ်ပွားမှုမရှိရန် အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ကျောင်းသား ကျောင်းသူ များ ကျောင်းတက်ပြီး အိမ်သို့ပြန်ရောက်ချိန်၌ ရောဂါ ကူးစက်မှုမရှိစေရန်ဟူသော အချက်သည်လည်း အရေးကြီး ပါကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် အခါ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ နေရာစုံမှ ကျောင်းသား ကျောင်းသူများသည် နေရာတစ်ခုတည်းတွင် စုစည်းရောက်ရှိ လာမည် ဖြစ်သဖြင့် ကျောင်းပြင်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်လာနိုင်သူ ကျောင်းသား ကျောင်းသူတစ်ဦးမှတစ်ဆင့် အခြားကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများထံ ထပ်ဆင့်ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်လာနိုင် ပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ရောဂါကူးစက်ဖြစ်ပွားမှုများ ကြောင့်ပြန်လည်ပိတ်ရသည့်အဖြစ်မျိုး မဖြစ်စေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းတက်ချိန် တွင် ကျောင်းမှ ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာသော်လည်း ကျောင်းသို့မလာမီနှင့် ကျောင်းဆင်းချိန် ကျောင်းပြင်ပနေရာ များတွင် ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှု မရှိပါကလည်း ရောဂါကူးစက်မှုများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုကြရမည် ဖြစ်ပါကြောင်း။

### ပူးပေါင်းပါဝင်ကြရမည်

သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများကိုယ်တိုင်နှင့် မိဘများအနေဖြင့် မိမိတို့ကိုယ်တိုင်နှင့် အခြားသူများထံ ရောဂါမကူးစက်စေရေးအတွက် မိမိကိုယ်တိုင်၏ အရေးကဲ့သို့ သဘောထားကာ ပူးပေါင်းပါဝင်ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများ၊ ကျန်းမာရေး အသိပညာ ဗဟုသုတများကို ပိုစတာများ၊ QR code များ ချိတ်ဆွဲပေးထားမည့်အပြင် ကျောင်းစာသင်ချိန် မစတင်မီ တွင်လည်း ဆရာ ဆရာမများက ရောဂါကာကွယ်ရေး ဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အနည်းငယ်စီကို နေ့စဉ် ပုံမှန်ပြောကြားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ပြောကြား ရမည့်အချက်များကိုလည်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ပေးထားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်း လမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေး အသိပညာ ဗဟုသုတအချက်အလက်များနှင့် ဆန်းစစ်မှုပုံစံ (checklist) များကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ ပညာရေး မှူးများနှင့် ကျောင်းအုပ်ကြီးများထံသို့ အမြန်ဆုံးရောက်ရှိ စေရန် ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာ ကျောင်းများမဖွင့်လှစ်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ ပြည့်စုံမှု ရှိ၊ မရှိအား ဝန်ကြီးဌာနနှစ်ခု၏ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဆန်းစစ်မှု ပုံစံ(checklist) များအသုံးပြု၍ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရေးဆွဲထားသော ဆန်းစစ်မှုပုံစံ (checklist) တွင် အချက်ပေါင်း ၈၀ ခန့်ပါဝင်ပြီး ဆန်းစစ် ချက်ပြည့်မီမှု (A)၊ (B)နှင့်(C) ဟူ၍ အဆင့် သုံးဆင့် ခွဲခြား ထားပါကြောင်း၊ (A)အဆင့်ရမှသာလျှင် အဆိုပါကျောင်း ကို ချက်ချင်းပြန်လည်ဖွင့်ခွင့်ရမည်ဖြစ်ပြီး (B)နှင့် (C)တို့ ရရှိပါက လိုအပ်သည့်အချက်များကို အမြန်ဆုံးဖြည့်ဆည်း ပြီး ဆန်းစစ်ချက်အဆင့်ပြည့်မီလာမှသာ ဖွင့်လှစ်ခွင့် ပြုမည်ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန် တစ်လျှောက်လုံးတွင်လည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ဆန်းစစ်အကဲဖြတ်အဖွဲ့(monitoring team)များ ဖွဲ့စည်း ကာ ကျောင်းများ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် စည်းကမ်းလိုက်နာ ဆောင်ရွက်မှုအခြေအနေများကို ပုံမှန်နှင့် ရှောင်တခင်စစ်ဆေးခြင်းနှင့် စောင့်ကြည့်ဆန်းစစ် အကဲ ဖြတ်ခြင်း(monitoring)အား အထူးတိတိကျကျ ကြပ်မတ် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်း တစ်ကျောင်းစီအလိုက်လည်း စောင့်ကြည့်ဆန်းစစ်အကဲဖြတ် ခြင်းများကို အဖွဲ့ဖွဲ့ကာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆန်းစစ်ချက်များအားလုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး များထံ ပေးပို့ရမည်ဖြစ်ပြီး လိုအပ်သလို ဆက်လက်ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

### အသင်းအဖွဲ့စိတ်ဖြင့်ဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူကို တွေ့ရှိ ပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို တာဝန်ရှိသူများနှင့် ဆရာ ဆရာမများအားလုံးက ကောင်းစွာနားလည် သိရှိထားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံးနှင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ဤရောဂါ ကာကွယ်တားဆီးရာ၌ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမ များ၊ မိဘဆရာအသင်းဝင်များ၏ ကဏ္ဍအလိုက် တာဝန် ခွဲဝေသတ်မှတ်မှု (division of labour)သည် အရေးကြီး ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကို စုစည်း ညီညွတ်စွာ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဆက်လက် ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး(ကျောင်းကျန်းမာ) ဒေါက်တာ စုမွန်မြတ်က ရောဂါကာကွယ်တားဆီးရေး စံလုပ်ထုံး လုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ၊ ဆန်းစစ်အကဲဖြတ်မှု ပုံစံ (joint monitoring checklist)များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးအကြံပြု

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး များနှင့် တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများဖွင့်လှစ်နိုင် ရေးအတွက် ဆွေးနွေးမှုများနှင့် အကြံပြုမှုများကို ဆောင်ရွက်သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင် နှင့်ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူများက ပိုးသတ်သန့်စင်ခြင်းနှင့် Infrared thermometer ဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်းတို့အား လက်တွေ့သရုပ်ပြခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာ နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီး ဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံ တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၅ ဦးအား

မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ် မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိ ခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစုစုပေါင်း ၉၇၃ ဦးအား ကယ်ဆယ်ရေးလေယာဉ် ခုနစ်ကြိမ် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ Call Center အချိန်ပြောင်းလဲ ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇူလိုင် ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ် ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ (၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေ သနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန် များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(အစား) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထား ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇူလိုင် ၁၆ ရက်တွင် ကိုဗစ် –၁၉ ရောဂါပိုးရှိသူနှစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၉ ဦးရှိပြီ

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူနှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၉ ဦးရှိပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာနှစ်ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ခရီးသွားရာဇဝင်မရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၃၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၇၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၅၃ ဦးနှင့် ဇူလိုင် ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၇၆၅၁ | ၃၃၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၇၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၄၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၅၃ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၂ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၃၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆-၇-၂၀၂၀ ရက် ည (၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၃၆၁၉၆၆၃ | ၁၆၄၆၆၉၈ | ၁၄၀၂၀၀ |
| ဘရာဇီး | ၁၉၇၂၀၇၂ | ၁၃၆၆၇၇၅ | ၇၅၅၆၈ |
| အိန္ဒိယ | ၉၇၆၈၂၆ | ၆၁၆၄၅၃ | ၂၅၀၂၀ |
| ရုရှား | ၇၅၂၇၉၇ | ၅၃၁၆၉၂ | ၁၁၉၃၇ |
| ပီရူး | ၃၃၇၇၂၄ | ၂၂၆၄၀၀ | ၁၂၄၁၇ |
| ချီလီ | ၃၂၁၂၀၅ | ၂၉၂၀၈၅ | ၇၁၈၆ |
| မက္ကဆီကို | ၃၁၇၆၃၅ | ၁၉၉၁၂၉ | ၃၆၉၀၆ |
| တောင်အာဖရိက | ၃၁၁၀၄၉ | ၁၆၀၆၉၃ | ၄၄၅၃ |
| စပိန် | ၃၀၄၅၇၄ | စိစစ်ဆဲ | ၂၈၄၁၃ |
| ဗြိတိန် | ၂၉၁၉၁၁ | စိစစ်ဆဲ | ၄၅၀၅၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၁၆၆၈ | ၄၀၃၄၅ | ၃၈၇၃ |
| ဖိလစ်ပိုင် | ၆၁၂၆၆ | ၂၁၄၄၀ | ၁၆၄၃ |
| စင်ကာပူ | ၄၇၁၂၆ | ၄၂၉၈၈ | ၂၇ |
| မလေးရှား | ၈၇၃၇ | ၈၅၃၈ | ၁၂၂ |
| ထိုင်း | ၃၂၃၆ | ၃၀၉၅ | ၅၈ |
| ဗီယက်နမ် | ၃၈၁ | ၃၅၃ | ၀ |
| မြန်မာ | ၃၃၉ | ၂၇၀ | ၆ |
| ကမ္ဘောဒီးယား | ၁၆၆ | ၁၃၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ IME Foundation and Foton International မှ Negative Pressure လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ကောင်စစ်ဝန် Mr. Tan Shu Fu နှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းတို့က အမှာစကားပြောကြားပြီး IME International Co., Ltd မှ Chief Operation Officer ဒေါက်တာညီညီလတ်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ IME Foundation and Foton International မှ တာဝန်ရှိသူတို့က Negative Pressure လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် IME Foundation and Foton International မှ အမေရိကန်ဒေါ်လာ ၄၃၀၀၀ နှင့်ညီမျှသော Negative Pressure လူနာတင်ယာဉ်နှစ်စီးကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ– မင်းသစ်(MNA)**

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၁၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၄ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူ များက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ ရက်တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ဇူလိုင် ၉ ရက်တွင် ၇၈၃ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၆၀၊ ဇူလိုင် ၁၁ ရက်တွင် ၆၁၁ ဦး၊ ဇူလိုင် ၁၂ ရက်တွင် ၆၃၄ ဦး၊ ဇူလိုင် ၁၃ ရက်တွင် ၅၃၀၊ ဇူလိုင် ၁၄ ရက်တွင် ၃၇၉ ဦး၊ ဇူလိုင် ၁၅ ရက် တွင် ၃၀၆ ဦး၊ ယနေ့တွင် ၄၂၄ ဦး စုစုပေါင်း ၄၇၉၇၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၄၇ ဦး၊ အမျိုးသမီး ၁၇၇ ဦး စုစုပေါင်း ၄၂၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲဖြေဆိုသည့် သံဃာတော်အရှင်သူမြတ်များအား နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပါဠိပထမပြန်စာမေးပွဲဖြေဆိုသည့် သံဃာတော်အရှင်မြတ်များအား နှာခေါင်းစည်း ၃၀၀၀ နှင့် လက်သန့်ဆေးရည်များကို ယမန်နေ့ မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက အောင်မြေသာယာ သုံးထပ်ဇိမာန်တော်ကြီးတွင် လှူဒါန်းသည်။

အဆိုပါလှူဒါန်းရာတွင် လှိုင်သာယာ(အရှေ့ပိုင်း)နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများမှ စာဖြေသံဃာတော်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ရည်ရွယ်၍ လှိုင်သာယာမြို့နယ် အောင်မြေသာယာ သုံးထပ်သာသနာ့ဇိမာန်တော်ကြီးတွင် ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ကျင်းပလျက်ရှိသည့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုသည့် သံဃာတော်များအား နှာခေါင်းစည်း ၃၀၀၀နှင့် လက်သန့်ဆေးရည်များကို လှိုင်သာယာမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် အတွင်းရေးမှူးဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြသန္တာဝင်း(ပြန်/ဆက်)**

# သုံးဆယ်ရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**ပဲခူး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ သုံးဆယ်ရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ် RMC B1 B2 တူးမြောင်းမကြီးများ၏ လက်တံခွဲမြောင်းများ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင်လ ဒုတိယပတ်က သာယာဝတီမြို့ ဂုံမင်းမြောင်ကျေးရွာ ဘုရားကြီးကျောင်းတိုက် ဓမ္မာရုံ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးညီညီလွင်က ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းပြီးပါက ရေကိုကွက်ဆင့်သောက်စနစ်မှ လယ်ကြားမြောင်းစနစ်သို့ ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ လယ်ကြားမြောင်း၏ အကျိုးရှိပုံ၊ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ ဆည်အတွင်း ဝင်ရေနည်းလာပါက ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်၍ ရေကိုစနစ်တကျ ချွေတာသုံးစွဲခြင်းအားဖြင့် အခက်အခဲများကို ကျော်လွှားပြီး ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း၊ ရေအသုံးချသူများအဖွဲ့ (WUG) မှ ရေအသုံးချသူများအသင်း (WUA)အဆင့်သို့ တိုးတက်ဖွဲ့စည်းစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

သုံးဆယ်ဆည်ရေသောက်စနစ်တွင် ရေအသုံးချသူများအဖွဲ့ ၅၉ ဖွဲ့ ဖွဲ့စည်းရန် လျာထားကာ ယနေ့အထိ အဖွဲ့ ၅၀ ဖွဲ့စည်းပြီး ကျန်ရှိနေသော လက်တံခွဲမြောင်း၊ တိုက်ရိုက်မြောင်းများတွင် ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင်စွာပေးဝေ**

သာယာဝတီမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သုံးဆယ်ရေလှောင်တမံကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉) မှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ကာ နွေစပါးစိုက်ပျိုးရေ ပေးဝေခဲ့ကြောင်း ဒေသခံတောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးအောင်မြင်မှုကြောင့် တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် ဆည်ရေသောက် စိစစ်ဧရိယာ ၄၂၀၀၃ ဧကအနက် ၄၁၆၅၆ ဧကအထိ နွေစပါးစိုက်ပျိုးရေကို အောင်မြင်စွာ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - သီဟ**

# Cash for Work စီမံကိန်းကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

**ထန်းတပင် ဇူလိုင် ၁၆**

Cash for Work စီမံကိန်းကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းကို ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် သီရိမင်္ဂလာခန်းမ၌ ဇူလိုင် ၁၄ ရက်က ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွန်း ဦးဆောင်သောအဖွဲ့က သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီး ကျေးရွာအုပ်စုအလိုက် ချိတ်ဆွဲမှုညွှန်းကိန်းအတွင်းရှိ ကျေးရွာ (၇) ရွာဖြစ်သော ဘုမ္မတီး၊ သက်ကယ်ကုန်း၊ ပိန်းကျော်၊ ရွှေကျင်စု၊ ကျွန်းသုံးပင်၊ ရွာသာယာ၊ ငွေ့ကြီးကျေးရွာတို့မှ အများဆန္ဒဖြင့် ရွေးချယ်အတည်ပြုထားသော ကော်မတီ ခုနစ်ဦးဖြင့် သင်တန်းသား သင်တန်းသူ ၄၉ ဦးအား Cash for Work စီမံကိန်းနှင့်ပတ်သက်သည့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ပွင့်လင်းမြင်သာစွာနှင့် အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် အဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲများ ဒုတိယအကြိမ် ထောက်ပံ့

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်သည် အဖွဲ့ချုပ်အသင်းဝင်များနှင့် အားကစားမီဒီယာနယ်ပယ်သားများအား ကိုဗစ်-၁၉ ကာလအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲများနှင့် ကြက်ဥများ ဒုတိယအကြိမ် လှူဒါန်းထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့် ကာယပညာဦးစီးဌာနရှိ မှန်ဆောင်အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အတွင်းရေးမှူး ဦးဖေဒီတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယနေ့ လှူဒါန်းမှုတွင် ဆန် (၆) ပြည်တစ်အိတ်၊ ဆီ (၅၀) ကျပ်သား၊ ပဲ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သားနှင့် ကြက်ဥ (၁၀) လုံး တစ်ကတ်တို့ကို လူပေါင်း ၁၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# ငါးဖမ်း/ငါးသယ် ရေယာဉ်လုပ်သားများအတွက် လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်

**မြိတ် ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသည့် ငါးဖမ်း/ ငါးသယ် ရေယာဉ်ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်းကို မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ ညွှန်ကြားရေးမှူး ဦးအောင်ညီတိုး၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်း၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး၊ မြိတ်ခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တိုင်း/ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကမ်းဝေးငါးဖမ်း/ ငါးသယ်ရေယာဉ်များမှ သင်တန်းတက်ရောက်မည့် ပဲ့နင်း၊ ရေလုပ်သား ၅၇ ဦး တက်ရောက်ခဲ့ကြသည်။ ငါးလုပ်ငန်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက သင်တန်းကို နှစ်ရက်ကြာ စာတွေ့လက်တွေ့ သင်တန်းပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးဖမ်းရေယာဉ်လုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်လှစ်

**ရေး ဇူလိုင် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ငါးဖမ်းရေယာဉ်လုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း (၂/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဇီးဖြူသောင်စံပြကျေးရွာရှိ ရတနာအောင်မြေကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဝင်းနှင့် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ ရေးမြို့နယ်အခြေပြု ကမ်းဝေးငါးဖမ်းရေယာဉ်လုပ်သား သင်တန်းသား ၃၁ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၉)
# ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပါမည်။ သက်ဆိုင်ရာ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းကြပါတော့မည်။ ဤတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များသည်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ကြရတော့မည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များ၏အခန်းကဏ္ဍ မည်သို့ရှိသနည်း။ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

## ရွေးကောက်ပွဲကိုယ်စားလှယ်ဟူသည်

ရွေးကောက်ပွဲကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ၎င်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ၎င်း၏ကိုယ်စား ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးခြင်းခံရသူကိုဆိုသည်။

## အရည်အချင်းသတ်မှတ်ချက်

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်းအား ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရပါမည်။

## ခန့်အပ်ခြင်းနည်းလမ်း

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူ တစ်ဦးဦးကိုဖြစ်စေ ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိသည်။ မိမိကိုယ်တိုင် မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည်ဖြစ်လျှင် ထိုသို့ဆောင်ရွက်မည်ဖြစ်ကြောင်း အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၆) ၏ စာပိုဒ် ၁၄(င)တွင် ဖော်ပြရမည်။ ပြီးလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ (၇)တွင် ဖြည့်သွင်း၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ အခြားသူတစ်ဦးအား မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားမည်ဆိုပါက ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ (၇-က)တွင် ဖြည့်သွင်းတင်ပြရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်းခံရသူက သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

## ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တာဝန်

ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည်-

(က) ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ငွေကျပ်သိန်း ၁၀၀ မကျော်သည့်ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်၊

(ခ) လွှတ်တော် ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေ၊ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ၊ ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ၊ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသောငွေ သို့မဟုတ် သက်ဆိုင်ရာပါတီအဖွဲ့အစည်းက ထောက်ပံ့ထည့်ဝင်ငွေဖြင့်ကျခံပြီးသည့် ကုန်ကျစရိတ်များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးရန်ရှိသည့် အကြွေးများ။

ရွေးကောက်ပွဲပြီးလျှင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀)ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ ရွေးကောက်ပွဲရလဒ်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။

## အမည်စာရင်းတင်သွင်းနိုင်ခွင့်ရှိခြင်း

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် အမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်ခွင့်ရှိသည်။ အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန်သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ခွင့်ရှိသည်။ မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းက အမည်စာရင်းတင်သွင်းလွှာကို ယင်း၏ ဆန္ဒအလျောက် ရုပ်သိမ်းလိုလျှင် သတ်မှတ်ထားသည့်ကာလအတွင်း ရုပ်သိမ်းလွှာ ပုံစံ (၉) နှစ်စောင်ကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခွင့်ရှိသည်။

## ရွေးကောက်ပွဲကိုယ်စားလှယ်က အာမခံငွေထုတ်ယူခွင့်ရှိခြင်း

မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင် သို့မဟုတ် ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင် သို့မဟုတ် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းထားလျှင် သို့မဟုတ် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရလျှင် သို့မဟုတ် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့်အထက် ရရှိလျှင် ပေးသွင်းထားသော အာမခံငွေကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

## ကြည့်ရှုခွင့်ရှိခြင်း

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲပေးသည့်အချိန်မှစ၍ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း ပြီးဆုံးသည့်အချိန်ထိ မဲရုံထဲသို့ ဝင်ရောက်ကြည့်ရှုခွင့်ရှိသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများထံသို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များက သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူရာတွင် လိုက်ပါကြည့်ရှုခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်မဲရယူခြင်းကိစ္စကိုလည်း လာရောက်ကြည့်ရှုခွင့်ရှိသည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်ဆန္ဒမဲပေးပြီး ပေးပို့လာသောစာအိတ်များပေါ်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လက်ခံရရှိသည့် အမှတ်စဉ်၊ နေ့ရက်နှင့်အချိန်တို့ကို ဖော်ပြ၍ ပုံစံ (၁၈-၁)တွင် ရေးသွင်းခြင်း၊ ယင်းစာအိတ်များကို ချိပ်ပိတ်ထားသည့်မဲပုံးများအတွင်းသို့ ထည့်ခြင်းတို့ကို ကြည့်ရှုခွင့်ရှိသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီထိုးသည်နှင့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အဆိုပါ ချိပ်ပိတ်ထားသောမဲပုံးကိုဖွင့်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်။

## ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရန်အချက်များ

(က) ရွေးကောက်ပွဲကိုယ်စားလှယ်အတွက် စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်၊

(ခ) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သော ပြစ်မှုကို ကျူးလွန်သူဖြစ်ကြောင်း ကန့်ကွက်လိုလျှင် ကန့်ကွက်မဲစာရင်းပုံစံ (၁၄)တွင် လက်မှတ်ရေးထိုး၍ မဲရုံမှူးထံ တင်ပြကန့်ကွက်ရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပြုစုထားသည့် ပုံစံ (၁၉)တွင် လက်မှတ်ရေးထိုးရန်၊

(ဃ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများ [မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုသာပါဝင်ပါက] ရရှိသည့်ဆန္ဒမဲစာရင်း ပုံစံ (၁၉-က) နှင့် [ ခရိုင်တစ်ခုထက်ပိုပါဝင်ပါက] ပုံစံ (၁၉-ခ) တွင် လက်မှတ်ရေးထိုးရန်၊

(င) တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ (၁၉-ခ)တွင် လက်မှတ်ရေးထိုးရန်။

## သတိပြုရမည့်အချက်များ

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃)တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။ အခန်း (၁၄)တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုတစ်ခုခုကို ပြုလုပ်ခြင်း မပြုရပါ။ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။

## ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး အထူးမှတ်သားရန်အချက်များ

(က) ရွေးကောက်ပွဲဆိုင်ရာ မိမိ၏ ဆောင်ရွက်ချက်မှန်သမျှသည် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည်။

(ခ) ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရလျှင် ယင်းသို့ကြေညာသည့်နေမှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွက် ကျင်းပမည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရရှိပါ။

## ကိုယ်စားလှယ်ကောင်းမှအောင်နိုင်မည်

အနှစ်ချုပ်ဆိုရသော် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအနိုင်ရရှိရေးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းလုပ်ငန်းမှစတင်ပြီး အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအနိုင်ရ၍ ကန့်ကွက်ခံရပါက ခုခံဖြေရှင်းခြင်းနှင့် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်မခံရသည့်အခါ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ တင်သွင်းခြင်းလုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက်ပြု၍ ပါဝင်ဆောင်ရွက်ကြရသည်။ မဲစာရင်းကပ်ထားကြေညာခြင်း၊ ကြိုတင် မဲပေးခြင်း၊ မဲရုံတွင်မဲပေးခြင်း၊ ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း၊ ပုံစံများတွင်ရေးသွင်းခြင်း စသည့်လုပ်ငန်းစဉ်များတွင် ကြည့်ရှုကြရသည်။ လိုအပ်သည်များကို ထောက်ပြခြင်း၊ ကန့်ကွက်ခြင်းများပြုကြရသည်။ လုပ်ငန်းတာဝန်များပြား၍ အရေးကြီးသောတာဝန်များကို ယူကြရသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ပြုမူဆောင်ရွက်ချက်များသည် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်လောင်းက ဆောင်ရွက်ပြုမူချက်များဖြစ်သကဲ့သို့ မှတ်ယူရမည်ဖြစ်သည်။ သို့ပါ၍ မိမိဆောင်ရွက်မည့်ကိစ္စမှန်သမျှ၊ ဆောင်ရွက်ပြီးကိစ္စမှန်သမျှ သို့မဟုတ် ဆက်လက်ဆောင်ရွက်မည့်ကိစ္စမှန်သမျှကို မိမိ၏လွှတ်တော်ကိုယ်စားလှယ်လောင်းထံ အစဉ်သဖြင့် အသိပေးတင်ပြနေဖို့လိုပါမည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲတွင် စွမ်းဆောင်နိုင်သမျှ လုံ့လစိုက်လျက် တရားသဖြင့် သန့်ရှင်းသောနည်းလမ်းများဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင်ဆောင်ရွက်ကြမှသာလျှင် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအောင်နိုင်ရေးကောင်းစွာအထောက်အကူပြုနိုင်ကြမည် ဖြစ်ကြောင်းပါဗျာ။

ရွေးကောက်ပွဲကိုယ်စားလှယ်များသည်-

- **မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အင်အားတစ်ရပ် ဖြစ်ပါစေ။**
- **ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ တရားသဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။**
- **မိမိတို့၏ လုပ်ငန်းတာဝန်များကို ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေ။** ။

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ပူးတွဲ-၅

ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ကြီးထွားမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၁ | လယ်ယာ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၂ | သားငါး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၃ | သစ်တော | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၄ | စွမ်းအင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၆ | စက်မှုလက်မှု | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၇ | လျှပ်စစ်ဓာတ်အား | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၈ | ဆောက်လုပ်ရေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၁ | ပို့ဆောင်ရေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၂ | ဆက်သွယ်ရေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၃ | ငွေရေးကြေးရေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲမှု | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) | [illegible] | ၁၀၀.၀ | [illegible] | ၁၀၀.၀ | [illegible] |

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ပူးတွဲ-၇

ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | [illegible] | ၃၀.၁၇ | [illegible] | ၂၈.၂၀ |
| ၂ | သမဝါယမပိုင် | [illegible] | ၀.၀၁ | [illegible] | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | [illegible] | ၆၉.၈၂ | [illegible] | ၇၁.၇၉ |
| | စုစုပေါင်း | [illegible] | ၁၀၀.၀၀ | [illegible] | ၁၀၀.၀၀ |

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ပူးတွဲ-၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ကြီးထွားမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | ကယားပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | ကရင်ပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | ချင်းပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၇ | ပဲခူးတိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၈ | မကွေးတိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၉ | မန္တလေးတိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀ | မွန်ပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁ | ရခိုင်ပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | ရှမ်းပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## အင်းစိန်မြို့နယ်၌ ဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲ အဌမနေ့အဖြစ် ယနေ့တွင် မင်းဓမ္မကုန်းတော် ကျောက်တော်ကြီးဘုရား ဝတ္တကမြေပေါ်ရှိ အင်းစိန်စာဖြေဌာန သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး အပေါ်ထပ်နှင့် အောက်ထပ်တို့၌ ရဟန်းလေးပါးက ဂုဏ်ထူးပါဠိဘာသာကို လည်းကောင်း၊ ပါဠိပထမပြန် ဒုတိယနေ့တွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ်နှင့် အခြေပြုမူလတန်း ကစ္စည်းသဒ္ဒါကြီးဘာသာကို ရဟန်းသံဃာ၊ သီလရှင် ၅၆၁ ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဇူလိုင် ၁၀ ရက်မှစတင်၍ ၂၂ ရက်အထိ ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာမေးပွဲများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပခြင်းဖြစ်၍ စာမဖြေမီ ဖြေဆိုရမည့်ပုဂ္ဂိုလ်များအား အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးခြင်းတို့ကို ပြုလုပ်ကြပြီး အင်းစိန်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက စာဖြေရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား နှာခေါင်းစည်း အခု ၁၀၀၀ လှူဒါန်းကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

ပုသိမ်မြို့ တာဝတိံသာလမ်းနေ ဦးနေမျိုး-ဒေါ်မော်မော်အောင်မိသားစုတို့က ဇူလိုင် ၁၆ ရက်တွင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက် ပဒေါင်းပိုင်း အမှတ်(၁၆) သာယာကုန်း အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစနီလာက လက်ခံရယူစဉ်။

ပုသိမ်လှကြည်

## ရွှေသွေးဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၁၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်၌ ကြွက်ညိုလေးနှစ်ကောင်၏ ဖြတ်ထိုးဉာဏ်ကောင်းပုံအကြောင်းကို တင်ဆက်ထားသည့် “ကြွက်ညိုရဲ့အကြံ” မျက်နှာဖုံးကာတွန်း၊ မြန်မာ့ကျေးလက်ဒေသများတွင် အသုံးပြုနေကြဆဲဖြစ်သော ရိုးရာအမွေအနှစ်တစ်ခုအကြောင်းကို ကလေးတို့အတွက် ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “တုံးမောင်း (သို့မဟုတ်) အုန်းမောင်းအကြောင်း သိကောင်းစရာ” သုတဆောင်းပါး၊ ဘာသာရပ်တိုင်းတွင် အမှတ်ပြည့်ရရန် ကစားချိန်လျှော့ပြီး စာကျက်ချိန်တိုးရမည်ဖြစ်ကြောင်း အမြင်မှန်ရသွားသော ကျောင်းသားလေးတစ်ယောက်အကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းအကိန်း၏ “ဖိုးကတုံး” နှစ်မျက်နှာကာတွန်း၊ မိမိတတ်မြောက်ထားသော ပညာရပ်ကို နည်းမှန်လမ်းမှန် အသုံးမချတတ်ပါက ဘေးဒုက္ခနှင့် ကြုံတွေ့နိုင်ကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

ကြေးမုံ

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၆)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်၊ (နွားနို့၊ ကျွဲနို့နှင့် ဆိတ်နို့များမှ ထုတ်လုပ်ထားခြင်းမရှိသည့် နို့အစားထိုးထုတ်ကုန်များနှင့် Creamer များ ပါဝင်ခြင်း မရှိပါ)။ |
| ၉ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၀ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၂ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသောမြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာ အမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေး အမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါ ကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံး ရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများ မပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |
| ၁၃ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၄ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီ မဟုတ်)။ |
| ၁၅ | အုန်းဆံချည်ခင်။ |
| ၁၆ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၇ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၂၅) **ဝန်ထမ်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအစီအစဉ်** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ ဝန်ထမ်းတစ်ဦးက ယင်းကုမ္ပဏီတွင်ဖြစ်စေ၊ ယင်းကုမ္ပဏီ၏ မိခင်ကုမ္ပဏီတွင်ဖြစ်စေ အစုရှယ်ယာကို ပိုင်ဆိုင်နိုင်သည့် သို့မဟုတ် ဝယ်ယူနိုင်သည့် အစီအစဉ်ကိုဆိုသည်။

(၂၆) **အလုပ်ရှင်** ဆိုသည်မှာ ဝန်ထမ်းတစ်ဦးကို ခန့်အပ်တာဝန်ပေးသည့် သို့မဟုတ် လုပ်ခ၊ လစာ စသည့် အခကြေးငွေ ပေးသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(၂၇) **အလုပ်အကိုင်** ဆိုသည်မှာ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးကို သီးခြားလွတ်လပ်သည့် လုပ်ငန်းလက်ခံဆောင်ရွက်သူ (independent contractor) အဖြစ် မဟုတ်ဘဲ အခြားပုဂ္ဂိုလ်၏ ညွှန်ကြားမှုနှင့် ထိန်းချုပ်မှုအောက်တွင် ဝန်ဆောင်မှုများပြုလုပ်ရန် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ ခန့်အပ်တာဝန်ပေးသည့် ဆက်ဆံရေးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် –

(ကက) ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအပိုင်းတွင် ဒါရိုက်တာအဖြစ် ဖြစ်စေ၊ အခြားရာထူးဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ခခ) ပုံသေသတ်မှတ်ထားသည့် သို့မဟုတ် တိကျသေချာမှုရှိသည့် လုပ်ခ၊ လစာ စသည့်အခကြေးငွေကို ရရှိခံစားပိုင်ခွင့်ရှိသည့် ရာထူးအဆင့်၊

(ဂဂ) အများပြည်သူဆိုင်ရာ မည်သည့်ရာထူးကိုမဆို ရယူထားခြင်း သို့မဟုတ် ယင်းရာထူးတွင်တာဝန်ထမ်းဆောင်ခြင်း၊

(ဃဃ) အတိတ်ကာလတွင် ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင် ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် အလုပ်အကိုင်။

(၂၈) **ဖျော်ဖြေသူ** ဆိုရာတွင်ဂီတပညာရှင်များနှင့်အားကစားသမားများလည်း ပါဝင်သည်။

(၂၉) **ဧည့်ခံကျွေးမွေးခြင်း** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆောင်ရွက်ပေးခြင်းကို ဆိုသည် –

(ကက) အစားအသောက်ကျွေးမွေးခြင်း သို့မဟုတ် အပန်းဖြေခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊

(ခခ) အစားအသောက် ကျွေးမွေးခြင်း သို့မဟုတ် အပန်းဖြေခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် ဆက်စပ်နေသည့် သို့မဟုတ် ယင်းတို့ကို ပေးအပ်ရာ၌ အထောက်အကူပြုသည့် တည်းခိုနေထိုင်ရန် နေရာကို ဖြစ်စေ၊ ခရီးသွားလာနိုင်ရန် ဖြစ်စေ စီစဉ်ပေးခြင်း။

(၃၀) **တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်(entity)** ဆိုသည်မှာ ပညာသည်အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(၃၁) **ကင်းလွတ်ခွင့်ပြုထားသည့်ရရန်ပိုင်ခွင့်** ဆိုသည်မှာအောက်ပါ တစ်ခုခုကို ဆိုသည် –

(ကက) လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်များ၊

(ခခ) ပြင်ပဈေးကွက်ပေါက်ဈေး ကျပ် သိန်း ၁၀၀ ထက် မပိုသည့် ရရန်ပိုင်ခွင့်များ။

(၃၂) **ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၉တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၃၃) **အပြီးသတ်နုတ်ယူပေးသွင်းရမည့်ပေးချေမှု** ဆိုသည်မှာ ပုဒ်မ ၁၀ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၃၄) **ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ** ဆိုသည်မှာ ပုဒ်မ ၃၃ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၃၅) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာ ၁ ရက်မှ စတင်ပြီး နောက်တစ်နှစ် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးသည့် ၁၂ လတာကာလကိုဆိုသည်။

(၃၆) **နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းနှင့် နိုင်ငံခြားငွေလဲလှယ်မှု အရှုံး** ဆိုသည်မှာ ပုဒ်မ ၄၄ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

(၃၇) **ပြည်ပဝင်ငွေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းမြစ်(source)မှ ဝင်ငွေမဟုတ်သည့် အတိုင်းအတာအထိဖြစ်သော မည်သည့် ဝင်ငွေမဆိုကို ဆိုသည်။

(၃၈) ဖျော်ဖြေသူနှင့် စပ်လျဉ်း၍ **အုပ်စု** ဆိုရာတွင် အားကစားအဖွဲ့လည်း ပါဝင်သည်။

(၃၉) **လုပ်ငန်းမှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၇ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၄၀) **ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၈ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၄၁) **အလုပ်အကိုင်မှဝင်ငွေ** ဆိုသည်မှာ ပုဒ်မ ၁၆ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၄၂) **ဝင်ငွေခွန်** ဆိုသည်မှာ ပုဒ်မ ၁၂ အရ ကျသင့်စေသည့် ဝင်ငွေခွန်ကို ဆိုသည်။

(၄၃) **သီးခြားလွတ်လပ်သည့် လုပ်ငန်းလက်ခံဆောင်ရွက်သူ (independent contractor)** ဆိုသည်မှာ ဝန်ထမ်းအဖြစ် မဟုတ်ဘဲ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် တစ်ဦးချင်းပုဂ္ဂိုလ်ကို ဆိုသည်။

(၄၄) အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦးနှင့်စပ်လျဉ်း၍ **အရစ်ကျပေးသွင်းရန်ကာလ** ဆိုသည်မှာ ယင်းအခွန်နှစ်၏ ၃ လ၊ ၆ လ၊ ၉ လနှင့် ၁၂ လမြောက် လများ၏ နောက်ဆုံးရက်တွင် ကုန်ဆုံးသည့် သုံးလတာကာလကိုဆိုသည်။

**(ဆက်လက်ဖော်ပြပါမည်)**

ဒေါက်တာခင်မိုးမိုး သတိပြုစရာ ကျန်းမာရေးပြဿနာအဖြာဖြာ ပထမတွဲ
ထွက်ပြီ

[illegible]... Dictionary ...[illegible]

မြို့မိရုပ်ရှင် SweSone Media Group
Central Tower [illegible]


## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
| --- | --- | --- |
| ၁ | ၂၇၁/၁၉ (KE) | 3.6 mm Ø 3 Ply HT Steel Strand (1000-Tons) နှင့် 6.5 mm Ø MS Rods (300-Tons) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် – (၅-၈-၂၀၂၀) (၁၄:၃၀)နာရီ

၂။ [illegible]

ဆက်သွယ်ရန်၊ မြန်မာ့မီးရထား [illegible]
ရန်ကုန်မြို့၊ ဖုန်း- 294362, 291904

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၄)၊ (၂)ခန်းတွဲ၊ RC (၆)ထပ်တိုက်အဆောက် အအုံ၏ (ဒုတိယထပ်)၊ (၃)လွှာ၊ တိုက်ကို မျက်နှာမူလျှင် (လယ်ယာခြမ်း)၊ ဧရိယာ (၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးစန်းဝင်း[၁၂/ဒပန(နိုင်) ၀၁၆၃၅၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးကိုကိုထက် [၁၂/ကတန(နိုင်)၁၁၆၆၃၅]၊ ဒေါ်စုမွန်ထွေး[၁၂/ကတန(နိုင်)၀၈၂၉၆၈] တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ စ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုထက်၊ ဒေါ်စုမွန်ထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ် (၁၉၂)၊**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – [illegible]

ဒေါ်မေဇော်ဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေနှင်းဦး
LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R
(စဉ်-[illegible]) | (စဉ်-[illegible]) | (စဉ်-[illegible])

တရားလွှတ်တော်ရှေ့နေများ
[illegible] ရန်ကုန်မြို့။
ဖုန်း – [illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]

ဒေါ်မေဇော်ဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေနှင်းဦး
LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R
(စဉ်-[illegible]) | (စဉ်-[illegible]) | (စဉ်-[illegible])

တရားလွှတ်တော်ရှေ့နေများ
[illegible] ရန်ကုန်မြို့။
ဖုန်း – [illegible]

## မိခင်အမည်မှန်

ထားဝယ်မြို့နယ်၊ အညာဖျားကျေးရွာအုပ်စု၊ ဒါးသွေးကျောက်ရွာနေ အထက(၂) ထားဝယ် ဒသမတန်းမှ စောရီဇက်ဦး၏ မိခင် နော်မယ်ရီ၏အမည်မှန်မှာ နော်မေရီ [၆/ထဝန(နိုင်)၀၄၅၀၉၆]ဖြစ်ပါသည်။

**နော်မေရီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၂-၂၀၂၀ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊မြောက်ဥက္ကလာပမြို့နယ်ဦးအောင်သိန်း၏ဂရန်မိတ္တူတွင်အမည်ပေါက်ဦးအောင်သိန်း(၁၂/ဥကမ(နိုင်)၀၉၆၀၆၆)(CF-၀၈၃၂၁၃)ဟုပြည့်စွက်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အ.ထ.က(၂)မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)တွင် ပညာသင်ကြားနေသော အဖ ဦးရန်နောင်စိုး၊ အမိ ဒေါ်လှိုင်လှိုင်ဦးတို့၏ သား အဌမတန်းအောင် မောင်သက်ပိုင်စိုးအား မောင်သွင်သစ်ဟန်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်နှင့် ဒုတိယတန်းအောင် မောင်သွန်းသရအား မောင်သန့်စည်သူဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ [illegible] စက်မှုဇုန်-၄ [illegible] မြေကွက်အမှတ်( ၅၁ ) [illegible]

လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်မောင်မျိုး (စဉ်-၆၃၂၀)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်-၆၆၊ [illegible]
[illegible] ရန်ကုန်မြို့၊ ၀၉ [illegible]

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ (၂) လမ်း၊ အမှတ်(၄၉-က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ဒေါ်ငွေသိန်းအမည်ပေါက် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၁၈ပေx၅၄ပေ)၊ (၆)ထပ်တစ်ခန်းတည်း၏ (၄)လွှာ၊ တတိယထပ်အခန်းကို အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့်ရရှိသူထံမှ ဒေါ်စိုးစိုးမြင့် [၁၂/ရပသ(နိုင်)၀၀၁၄၀၁] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိ ပြင်ဆင်နေထိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၂)**
**ဖုန်း-၀၉-၅၁၆၀၃၈၃၊ ၀၉-၇၈၅၁၆၀၃၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၃၈၆/က+ခ)၊ ၂ခန်းတွဲ RC (8)ထပ်ခွဲ အဆောက်အဦ၏ တတိယထပ်တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခန်း၊ အခန်းအမှတ်(4-B)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးမင်းသူ[၅/ခဥန(နိုင်)၀၆၇၈၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတန်ဆန်း[၁/မကတ(နိုင်)၀၅၂၇၈၇]၊ ဒေါ်နန်ဟိန်ကြွယ်[၁/ဗမန(နိုင်) ၀၅၆၆၀၆]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတန်ဆန်း၊ ဒေါ်နန်ဟိန်ကြွယ်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09-765602290, 09-254508917**
**Level(5,6,7,8)၊ တာဝါ(၂)၊ HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၈/မြိုင်သာယာ၊ ဦးပိုင်အမှတ်(၇၄)၊ မြေကွက်အမှတ်(၂၄၄၃)၊ မြေဧရိယာ(၀.၀၅၅)ဧက၊ ဦးပိုင်အမှတ်(၇၇)၊ မြေကွက်အမှတ်(၂၄၃၅)၊ မြေဧရိယာ(၀.၀၅၅)ဧက ဦးပိုင်အမှတ်(၇၈)၊ မြေကွက်အမှတ်(၂၄၃၇)၊ မြေဧရိယာ(၀.၀၅၅)ဧက၊ စုစုပေါင်း ဧရိယာ (၀.၁၆၅)ဧကရှိ မြေသည်မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်ချထားရေးဗဟို ကြီးကြပ်မှုကော်မတီမှ ချထားပေးသည့်မြေများအား ဒေါ်နွယ်နွယ်လှထံမှ ဦးလှဝင်းသည် အောက်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးလှဝင်းမှ ဒေါ်နွယ်နွယ်လှအား မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန် တောင်းဆိုခဲ့ရာလိုက်နာဆောင်ရွက်ပေးခဲ့ခြင်းမရှိ၍ မော်လမြိုင်မြို့နယ် တရားရုံးတွင် တရားမကြီးအမှုအမှတ်(၂၄/၂၀၁၉)ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်တရားစွဲဆိုခဲ့ရာ (၆-၈-၂၀၁၉) ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းအပေါ် ဇာရီမှုအမှတ်(၄၀/၂၀၂၀)အရ ဖွင့်လှစ်၍တရားနိုင်များနှင့် တရားရှုံးတို့အား တရားမကျင့်ထုံးအမိန့်(၂၁) နည်းဥပဒေ(၃၄)အရ မော်လမြိုင်မြို့နယ်တရားရုံး အကြီးတန်းစာရေးဘီလစ် ဒေါ်စုစုလင်းက မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်(၄၇၈/၂၀၁၉)ဖြင့် ဦးလှဝင်းထံရောင်းချပေးခဲ့၍ ဦးလှဝင်းမှ ဝယ်ယူပိုင်ဆိုင်လာပြီး နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရောင်းမည်

လှိုင်သာယာ၊ ရွှေလင်ပန်း(၂၃)ရပ်ကွက်၊ ပိတောက်လမ်းမပေါ် ပေ(၄၀x၆၀) နှစ်ထပ် အဆောက်အဦပါ။

**စုံစမ်းရန် ဖုန်း-09-977843265**

## စက်မှုဇုန်ငှားမည်

ဇုန်ပတ်လမ်းမကြီးပေါ်ရှိ စ/ပ ၉၇၀၀ ကျော်ရှိသော (၂)ထပ် အဆောက်အဦ၊ တောင်ဒဂုံစက်မှုဇုန် (၂)။

**Ph:09-795568491, 09-67372 6276**

## Myanmar Four Rivers Company Limited
(In members' voluntary winding up)

**NOTICE IS HEREBY GIVEN**, that the Final General Meeting of **Myanmar Four Rivers Company Limited** will be held at No. 56, Room 211, Maha Land Centre, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar on the 23rd day of July 2020 at 11 a.m. for the purpose:-

(1) to adopt the final liquidation accounts of the Company.

Cho Cho Myint
Liquidator

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံ/တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၅)၊မြေကွက်အမှတ်(၃၃၁/က)၊မြေကွက်တည်နေရာအမှတ်(၃၃၁/က)၊ဓောတီကလမ်း၊ (၆၅) ရပ်ကွက်၊ဒဂုံ/တောင်မြို့နယ် ဦးခင်အောင်(ISN-၃၀၉၃၁၃)အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးခင်အောင်ထံမှအရောင်းအဝယ်အစားထိုးစာချုပ်(၁၀-၁၁-၂၀၀၅)ဖြင့် ဝယ်ယူထားသူ ဒေါ်ခွန်းရီ (ISN-၃၆၈၅၄၄) (၁၂/လကန(နိုင်)၀၃၄၂၄၄)မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ(၁၅၀၆/၂-၁၂-၂၀၁၉)ပါ ပါမစ်မူရင်းပျောက်ဆုံးသည်မှာ [illegible]

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မီး သတိပြု

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေ [၉/မမန(နိုင်)၀၁၆၉၇၇] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရန်ကုန်ဘုရင့်နောင်လမ်း၊ Golden Flower Construction ၏ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက် ပေါ်တွင် ဆောက်လုပ်ထားသည့် ရွှေသရဖီရိပ်မွန်(၃)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦများအနက် ရွှေသရဖီရိပ်မွန်၊ ရွှေအင်ကြင်းလမ်း၊ တိုက်အမှတ် (K)၊ အခန်းအမှတ် (၁၀)၊ အကျယ်အဝန်း (၁၅၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား (၃၁-၁-၂၀၀၂)ရက်နေ့ကတည်းက ရောင်းချသူ Golden Flower Co.,Ltdထံမှ ငွေအပြေအကျေပေးချေ၍ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီးနောက် အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းထားခြင်းတို့မှကင်းရှင်းကြောင်း၊ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းသာလျှင် အမှန်တကယ် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သောဖော်ပြပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်မှ ၎င်း၏ အကျိုးအမြတ်ရရှိစေရန် အလို့ငှာ အလွဲသုံးစားပြုလုပ်ရန်အားထုတ်ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ်-၈၄၅၇**
**LL.B,D.B.L,D.I.L,D.IP.L,Dip in Global English**
**PGDCWE,DL-DIP (101,202,302) (Switzerland)**
**အမှတ် (၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**
**ဖုန်း-၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး [illegible]

လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်သဲနုစံ (LL.B., D.BL., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – [illegible])
[illegible]
ဖုန်း – [illegible]

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့တော်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအောင်မြင့် (CF-၀၁၈၄၂၃)အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ မြေကွက်အမှတ်(၁၀၁၀)၊ အလျားအနံ ပေ(၄၀x၆၀) ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်သွပ်မိုး ပျဉ်ကာ(ရေမီးစုံ)အား ဦးဇော်နိုင်ထွန်း [၁၂/တမန(နိုင်)၀၇၁၉၀၃]မှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိမိမိသာလျှင်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေကွက်အားဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမရှိပါက ကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယွန်းဒါဒါ(LL.B;D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၈၁၆)**
**အမှတ်(၁၃၀)၊ မန္တလေးလမ်း၊ (၃၁)ရပ်ကွက်၊ မြောက်ဒဂုံ။**
**ဖုန်း-၀၉-၉၆၂၅၈၅၃၄၇**

## ဥတုရာသီ တောကိုမှီ၏

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
## ရုံးအမှတ်(၂)၊ နေပြည်တော်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိသူများက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါ ကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ-၁၅အရ လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များအားလိုက်နာရန်ပျက်ကွက်ခြင်း၊ လိုင်စင်စည်းကမ်းချက်များအရ ပေးပို့တင်ပြရမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု (၃)လပတ် အစီရင်ခံစာပေးပို့တင်ပြမှုမရှိခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေအပိုဒ် ၂၄(က)(၃)အရ ပေးဆောင်ရမည့် သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကို အခြေခံသည့် နှစ်စဉ်ကြေးများအား ပေးဆောင်မှုမရှိခြင်းတို့အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအပိုဒ်-၄၁(၄)နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေအပိုဒ်-၃၉(က)(၂)အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၇)ရက် နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့် အတူ ပေးဆောင်ရမည့်သက်ဆိုင်ရာ အခကြေးငွေများကို လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအထိ ဖြေရှင်းတင်ပြလာခြင်းမရှိပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအပိုဒ်-၄၁(၄)နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်-

| စဉ် | ကုမ္ပဏီအမည် | လိုင်စင် အမျိုးအစား | လိုင်စင်ရရှိ သည့်ရက် |
|---|---|---|---|
| (က) | Shwe Pyi Tagon Telecommunication (Public)Co.,Ltd | NFS(I) | ၂၆-၅-၂၀၁၅ |
| (ခ) | Fiber Link MyanmarCo.,Ltd | NFS(I) | ၃၁-၁၂-၂၀၁၅ |
| (ဂ) | FPT Myanmar Co.,Ltd | NFS(I) | ၆-၇-၂၀၁၅ |
| (ဃ) | Kiss Telecom Co.,Ltd | NFS(I) | ၂-၁-၂၀၁၈ |
| (င) | VAZ Co.,Ltd | NFS(C)နှင့်AS | ၂၆-၁-၂၀၁၈ |
| (စ) | Myanmar Cyber Co.,Ltd | AS | ၁၂-၅-၂၀၁၅ |
| (ဆ) | Zwekabin KyawLay Co.,Ltd | AS | ၂၈-၆-၂၀၁၇ |

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၉၈၊ ၀၆၇-၃၄၀၇၂၀၇သို့ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပိန်းဇလုပ်မြို့၊ မြို့မ(၁)ရပ်ကွက်နေ ဦးဝင်းစိန်၏သား မောင်အောင်ချစ်သဲ [၇/ညလပ(နိုင်)၁၆၃၆၃၂] အားမောင်ထက်မြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်မြတ်အောင်**
**[၇/ညလပ(နိုင်)၁၆၃၆၃၂]**

YE MIN NAING
ဂရမ်ဂရူကာစ်အင်္ဂလိပ်စာ (အင်္ဂလိပ်စာ)
အင်္ဂလိပ်စာအခြေခံအားနည်းသူများအတွက်
(အိမ်လိုက်သင်သည်)
09 420129333

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/မြို့မအနောက်ရပ်၊ မြေရေိယာ(၀.၀၅၅)ကေရှိ မြေကွက်အမှတ်(ပ-၁၀၇၇၉)၊ ဒေါ်ချိုချိုအေး[၆/မအရ(နိုင်)၀၀၈၀၅၇] (ဘ) ဦးတင်အေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးသိန်းစိုး[၉/မရတ(နိုင်)၀၀၀၆၈၃] (ဘ) ဦးသိန်းအောင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၇၅/၂၀၂၀ တင်ပြ၍ ဒေါ်ဌေးဌေးရီ [၈/ခမန(နိုင်)၁၀၂၇၅၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အထက(၆) ဒသမတန်းမှ မောင်ဟိန်းထက်ဇော်၏ဖခင် ဦးရဲဇော်၏ အမည်မှန်မှာ ဦးကျောက်ခဲ[၉/ရမသ(နိုင်)၁၂၀၁၀၀]ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ထားဝယ်မြို့၊ Edupark ကိုယ်ပိုင် အထက်တန်းကျောင်း၊ သတ္တမတန်းမှ မောင်ကျော်ကိုကို၏ဖခင် ဦးကျော်စန်း၏ အမည်မှန်မှာ ဦးကျော်သန်း[၆/လလန(နိုင်)၀၈၅၁၃၄]ဖြစ်ပါသည်။ **ဦးကျော်သန်း**

## သွေးသည် အသက်

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်-၂၈၉၊ သိမ်ဖြူလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ရိုမင်ကက်သလစ်ဆရာတော်ကျောင်းတိုက် နေထိုင်သူ ရိုမင်ကက်သလစ်ဘုန်းတော်ကြီး ဖာရ်သာစောနေဘအေး[၁၂/တကန(နိုင်)၀၀၀၀၆၇]၏ တာဝန်ပေးချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့သစ် ဧရိယာအတွင်း စနစ်တကျနေထိုင်နိုင်ရန်၊ ရန်ကုန်(အနောက်ပိုင်း)ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂၅-၉-၂၀၁၉)ရက်စွဲဖြင့် ယာယီမြေပေး အမိန့်အမှတ်(၁၀၃၆/၂၀၁၉)ဖြင့် ရိုမင်ကက်သလစ်ဘုန်းတော်ကြီး ဖာရ်သာမောင်ဝင်း (အဖ)ဦးဆွာရီမူတူ (ခ)ဦးမောင်လှ[၁၂/သဃက(နိုင်)၀၉၅၉၃၇]အမည်ဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ ပြန်လည်နေရာချပေးထားသည့် အုပ်စု RA-5၊ အကွက်အမှတ် က-၀၃၊ မြေကွက်အမှတ်-၀၀၄၈၊ ၀၀၄၉၊ ၀၀၅၀၊ ၀၀၅၁၊ ၀၀၅၂၊ ပေ(၈၀x၈၀)စီရှိ မြေကွက်(၅)ကွက်တို့အား မြို့သစ်စီမံကိန်းတွင် မြေနေရာချထားပေးခဲ့ပါသည်။

၂။ ဘုန်းတော်ကြီးဖာရ်သာမောင်ဝင်းသည် (၂၃-၂-၂၀၂၀)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏အမည်ဖြင့် ချပေးထားသော ယင်းမြေကွက်(၅)ကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားမူရင်း များ ပျောက်ဆုံးရှာမတွေ့ဖြစ်နေပါသည်။ အဆိုပါ မြေကွက်(၅)ကွက်သည် ဘုန်းတော်ကြီး ဖာရ်သာမောင်ဝင်း အမည်ခံကာ ရန်ကုန်ရိုမင်ကက်သလစ်သာသနာမှပိုင်သည့် မြေကွက်များဖြစ်ပါသည်။

၃။ ရိုမင်ကက်သလစ်သာသနာပိုင် မြေကွက်(၅)ကွက်နှင့်ပတ်သက်၍ စာရွက်စာတမ်း အထောက်အထားမူရင်းများ တစ်စုံတစ်ယောက်၏ လက်ဝယ်တွင်ရရှိထားသူ သို့မဟုတ် သိမ်းဆည်းထားပါက ကျွန်ုပ်ထံ (၃၁-၇-၂၀၂၀) ရက် နောက်ဆုံးထား လာရောက်ပေးပို့ပါရန် သို့မဟုတ် တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် လာရောက်ပေးပို့/ကန့်ကွက်ခြင်းမရှိပါက သက်ဆိုင်ရာသို့တင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရန်ကုန်ကက်သလစ်သာသနာမှ ဘုန်းတော်ကြီးဖာရ်သာစောနေဘအေး၏ တာဝန်ပေးချက်အရ-**
**ဦးစောဒေမီယံ(Damian)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၄၈)**

**ဒေါ်ခင်နီနီလှိုင်(Marie)(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၃၉၁၁၃)**
**ဒေါ်အေးအေးခိုင်(Rose Mary)(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၃၅၆)**

**Blessing Law Firm**
**အမှတ်(၆၂)၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၄၀၅၂၇၊ ၀၉-၉၇၃၀၉၃၂၈၆၊ ၀၉-၄၄၃၀၈၁၆၅၉**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ကူဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ **ဖုန်း-၀၉ ၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ စက်သုံးဆီများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | (၂၅၀၀၀၀) ဂါလန် |
| (ခ) | ပရီမီယံဒီဇယ်ဆီ | (၉၇၀၀၀) ဂါလန် |
| (ဂ) | ဓာတ်ဆီ (Octane 92 Ron) | (၄၂၀၀၀) ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၇-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၂၀ ရက်နေ့ ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် -၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေရေိယာ(၀.၁၁၀)ကေရှိ မြေကွက်အမှတ်(ပ-၂၂၃၆၂)၊ ဦးနေဦး[၉/မနတ(နိုင်)၀၂၄၅၀၂]၊ (ဘ) ဦးအေးမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝေလွင်[၅/ကသန(နိုင်)၀၂၃၅၆၆]၊ (ဘ) ဦးအောင်သန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၇၇/၂၀၂၀တင်ပြ၍ ဒေါ်မြင့်မြင့်ဝင်း[၉/မထလ(နိုင်)၀၃၅၁၁၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ဖိုးဝင်းလမ်း၊ အမှတ်(၁၁၀)၏ မြေရေိယာ ပေ(၄၀x၆၀)ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်းရှိ မြေရေိယာ ပေ(၂၀x၆၀)၊ နှစ်(၆၀)ဂရန်မူရင်းခြမ်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နှင်းယုယု[၇/သကန(နိုင်)၀၉၈၄၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Social Justice LAW FIRM**
**ဦးဇော်မျိုးအောင်**
**(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၆၂)**
**အမှတ်(၂)၊ အခန်း(၃၀၅)၊ (၄)လွှာ၊ ဝေဇယန္တာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁/၂၊ လှူနေရပ်ကွက်-အမှတ်(၁)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ် (၁၄၃) ဟုခေါ်တွင်သော ဦးတင်ဦး(CHK-၀၇၈၈၁၈) အမည်ဖြင့် မှတ်သားတည်ရှိသည့် ဂရန်မြေနှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အအုံမှ မြေညီထပ်(မှန်ခန်းအပါ)(ခေါင်းရင်းခန်း)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ စတုတ္ထထပ် (ခေါင်းရင်း/ခြေရင်းခန်း)၊ ပဉ္စမထပ် (ခေါင်းရင်းခန်း)၊ ဆဋ္ဌမထပ် (ခေါင်းရင်းခန်း) တိုက်ခန်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်မောင်ထွန်း (ဘ) ဦးဘထွန်း [၁၂/မရက(နိုင်)၁၃၆၀၄၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်။

အထက်ပါခေါင်းစဉ်တွင် ဖော်ပြထားသောပစ္စည်းများသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်မောင်ထွန်း၏ မိဘများဖြစ်သော (ဦးဘထွန်း-ဒေါ်ဝင်းမယ်)တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ပြုလုပ်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်အားထားညွှန်ကြားချက်အရ-**
**ဦးစိုးရန်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၈၃၈) (၁၁-၇-၂၀၁၈)**
**အမှတ် (၁၂/က)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 01-521236, 09-428177487, 09-795128994**

## ဥတုရာသီ တောကိုမှီ၏

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့မှ ခေါ်ယူသည့်
## သူနာပြု-၄ ရာထူးကျောပြု၊ အလုပ်သင်အဆင့်ရာထူး လျှောက်ထားသူများအား ရေးဖြေ၊ လူတွေ့/နှုတ်ဖြေစာမေးပွဲ ဖြေဆိုရန် ထုတ်ပြန်ကြော်ငြာခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ လျှောက်လွှာခေါ်ယူထားသော သူနာပြု-၄ကျောပြု၊ အလုပ်သင်အဆင့်ရာထူး (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)၊ (၃၀) နေရာအတွက် ရေးဖြေစာမေးပွဲအားနေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စာစစ်ဌာနခွဲ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

(က) စာမေးပွဲကျင်းပမည့် နေ့ရက်/အချိန် - ၂၅-၇-၂၀၂၀ ရက် (စနေနေ့) (၉:၀၀မှ ၁၂:၀၀) နာရီထိ
(ခ) ဖြေဆိုရမည့်ဘာသာရပ် - ဘာသာရပ်ဆိုင်ရာဗဟုသုတ၊ အင်္ဂလိပ်စာ
(ဂ) ဖြေဆိုရမည့်နေရာ - နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးစိုက်ရာမြို့များရှိစာစစ်ဌာနများ၊ (ရခိုင်ပြည်နယ်မှ ဖြေဆိုသူများသည် ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ကချင်ပြည်နယ်မှ ဖြေဆိုသူများသည် မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ကယားပြည်နယ်မှ ဖြေဆိုသူများသည် ရှမ်းပြည်နယ်တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်မှ ဖြေဆိုသူများသည် မွန်ပြည်နယ်တွင်လည်းကောင်း၊)
(ဃ) လူတွေ့စစ်ဆေးခြင်း - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် (ရေးဖြေအောင်မြင်သူစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်နေ့ရက်အား သီးခြားထုတ်ပြန်ကြေညာပါမည်)

၂။ ရေးဖြေ ဖြေဆိုရမည့်သူများ၏ ဖြေဆိုခွင့်ကတ်ပြားများအား သက်ဆိုင်ရာဖြေဆိုရမည့်စာစစ်ဌာနများတွင် ၂၄-၇-၂၀၂၀ ရက်တွင် ထုတ်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ ဆေးဌာန (တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၇၉၃၈၊ ၀၆၇-၃၄၁၇၉၅၃) နှင့် တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများသို့ ရုံးချိန်အတွင်းလူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည့်အပြင် ဝန်ကြီးဌာန website များဖြစ်သောwww.mol.gov.mmနှင့် www.ssb.gov.mm တို့သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**

### အများသိစေရန် ကြေညာချက်

၁။ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၁၈)တွင် မြေညီထပ် ကားပါကင်ပါဝင်သော (၈-)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဒေါ်မြမြသိန်း၊ ဒေါ်ခင်[illegible] လိုင်စင်ရကန်ထရိုက်တာဒေါ်နန်းစုရွှေစင်(LC-569)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ခင်စန္ဒာအောင်(LS-1030)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ (၂၃-၁-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ [illegible] ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ [illegible] (LC-569)အစား လိုင်စင်ရကန်ထရိုက်တာ ဦးအောင်နိုင် (LC-630)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် [illegible] လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက [illegible] ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-[illegible])
တရားလွှတ်တော်ရှေ့နေ
[illegible]

## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၇၀)၊ ပထမထပ်(ယာ)၊ အကျယ်ပေ(၁၅x၅၀)ရှိ Minicondo တိုက်ခန်းအား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသူများဖြစ်ကြသော ဦးစွမ်းမြင့်[၁၂/လမတ(နိုင်)၀၁၉၃၅၀]နှင့် ဒေါ်စန်းစန်းယဉ် [၁၂/လမတ (နိုင်)၀၁၉၉၅၈]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် LL.B** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈)**
**ဦးသိန်းဇံ LL.B** — **အထက်တန်းရှေ့နေ (စဉ်-၄၈၈၃၄)**
**အမှတ်-၁၅၃၊ ၅-လွှာ(A)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉ ၄၂၀၁၂၂၇၅၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

အမှတ်(၁)၊ ... ရန်ကုန်။
ဖုန်း = ၀၉ ၂၅၀ ... ၀၉ ... ၀၉ ...
E.mail : saikhungnoung1595@gmail.com

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

The attention of interested Consultants is drawn to Section III, paragraphs, 3.14, 3.16, and 3.17 of the World Bank's "Procurement Regulations for IPF Borrowers" July 2016, revised November 2017 and August 2018 ("Procurement Regulations"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms to enhance their qualifications, but should indicate clearly whether the association is in the form of a joint venture and/or a sub-consultancy. In the case of a joint venture, all the partners in the joint venture shall be jointly and severally liable for the entire contract, if selected.

1.Tropical Climate with monsoon season in South East Asia and South Asia.

A Consultant will be selected in accordance with the Quality and Cost-based Selection (QCBS) method set out in the Procurement Regulations.

Further information and **Terms of Reference (TOR)** can be obtained by sending the official request via email at the address below during office hours 09:30 to 16:30 hours. The TOR will be sent by email.

Expressions of interest must be delivered in a written form to the address below by e-mail **by the close of business of Monday August 17, 2020.**

Electric Power Generation Enterprise (EPGE)
Attn: Managing Director
Electric Power Generation Enterprise (EPGE)
Ministry of Electricity and Energy
Building No. 27, Nay Pyi Taw
The Republic of the Union of Myanmar
Telephone: +95 9 2225181, +95 9 5133 511
Email: ywamaproject@gmail.com

## အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ Sinmalite Business Tower (၈)လွှာ၊ ကွန်ဒိုတိုက်ခန်းအမှတ်(8/F)နေ ဒေါ်တင်နွယ်ညို၏ ညွှန်ကြားချက်အရ အောက်ဖော်ပြပါပစ္စည်းများကို ဦးမျိုးဇင်နှင့် ၎င်းနှင့်ဆက်စပ်နေသူများအားလုံးမှ ရောင်းခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့် လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း "အများသိစေရန်" ကြေညာအပ်ပါသည်။

(၁) ကွန်ဒိုတိုက်ခန်းအမှတ်(၁၁/B)၊ ၁၁-လွှာ၊ Sinmalite Business Tower၊ ကြည့်မြင်တိုင် ကမ်းနားလမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
(၂) Mark x, 2004 Model, Reg No:YGN 4D/8019 ကား(၁)စီး။
(၃) Enchanting Travels & Tours Co.,Ltd
(၄) ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၂)လမ်းမ၊ အနော်ရထာလမ်း၊ (၁၇)ရပ်ကွက်၊ မြေကွက်အမှတ်-၁၀၁၉၊ မြေပေ (၈၀x၉၀)၊ ဂရန်မြေကွက်(၁)ကွက်။
(၅) ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလမ်း၊ (၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်းသွယ်၊ ခြံအမှတ်(၂၃၃) ပေ(၁၅x၆၀)၊ ဂရန်မြေ(မြေနှင့်အိမ်)။
(၆) Leonine Company Limited
(၇) Mercedes–Benz, 2016 Model, C Class, Reg: No.YGN:3P/4554 ကား(၁)စီး။

**ညွှန်ကြားသူ**
**ဒေါ်တင်နွယ်ညို**

**ညွှန်ကြားချက်အရ-**
**ဒေါ်နီနီစိုး**
**B.A.,(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၆၆)**
**အမှတ်(၁၁၈)၊ ၃၃-လမ်း၊ ပထမထပ်(ဝဲ)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5190874**

## အမည်ပြောင်း

နေပြည်တော် WISDOM HILL ကိုယ်ပိုင်အထက်တန်းကျောင်း Grade–10မှ ဦးဗိုလ်ဗိုလ်နိုင်၏သမီး မစုသဉ္ဇာဗိုလ်အား မစုသဉ္ဇာဗို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုသဉ္ဇာဗို**

## ငှားမည်

Times Link ဘေးကပ် Lift ပါ တိုက်ခန်း ငှားမည့်သူဆက်သွယ်ရန်။

**Ph:09–799485318,**
**09–978671613**

## မိဘအမည်မှန်

လယ်ဝေးမြို့နယ်၊ သာဝတ္တိမြို့၊ အထက(ခွဲ)အင်းသာကျောင်းမှ နဝမတန်းအောင်မြင်ခဲ့သော မအေးသဉ္ဇာထွန်း၏ မိဘအမည်မှန်မှာ ဦးဆန်းမင်းထွန်း[၇/မလန(နိုင်)၀၇၇၂၄၆]နှင့် ဒေါ်လှိုင်သန္တာငွေး [၇/လပတ(နိုင်)၀၉၂၆၇၅]ဖြစ်ပါကြောင်း။

**ဦးဆန်းမင်းထွန်း-**
**ဒေါ်လှိုင်သန္တာငွေး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ... မြေကွက်အမှတ် ... ကန့်ကွက်နိုင်ပါသည်။ ...

ပြန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေ

အထက်တန်းရှေ့နေများ

(စဉ်-...) (စဉ်-...) (စဉ်-...)

ရုံးချုပ် - ... ကမာရွတ်မြို့နယ်။
☎ - 01 2304311, 510760, 510940, 510950, 500643, 502537
ရုံးခွဲ - ...
☎ - 01 - 552742, 01- 559320, 09 5060940, 09 5060930,09 73600535
Email - soesanrealestate@gmail.com

## "စမတ်ရှောဖါ(စ်)ကုမ္ပဏီ လီမိတက်"
## SMART CHAUFFEURS COMPANY LIMITED
## အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ စမတ်ရှောဖါ(စ်)ကုမ္ပဏီလီမိတက် SMART CHAUFFEURS COMPANY LIMITED ကို (၂၅-၆-၂၀၂၀)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဟိန်းလင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၇)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့ကို နောက်ဆုံးထား၍ (၁)လအတွင်းဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဟိန်းလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၇)**
**စာရင်းရှင်လင်းဖျက်သိမ်းရေးအရာရှိ**
**တိုက်(၆)၊ အခန်း(၃၀၆)၊ မြသီတာလမ်း၊**
**(၉၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဦးမောင်မောင်**
**(ဒါရိုက်တာ)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက် (၃) လမ်း၊ အမှတ်(၃၉၅)၊ (၈) ထပ်ခွဲတိုက် အဆောက်အအုံ၏ မြေညီထပ်၊ ခေါင်းရင်းခန်းရှိ (၁၈ပေx၅၄ပေx၁၇ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကြည်ဝင်း[၁၄/အဂပ(နိုင်) ၀၁၇၀၁၄] ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၇၂)**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L,D.I.L,D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်တွင် အောက်ပါအမည်များဖြင့် ရေသန့်ထုတ်လုပ်ရောင်းချရန်ရှိပါသဖြင့် အမည်တူများရှိပါက (၇)ရက်အတွင်း ဦးသန့်ဇင်အောင် [၁/မကန(နိုင်)၂၀၄၉၈၆] (ဖုန်း- ၀၉ ၄၀၀၀၁၃၁၄၃] (သို့မဟုတ်) Delta Water Engineering (ဖုန်း-၀၉ ၉၆၁၀၀၅၁၁၇) သို့ ကန့်ကွက်နိုင်ပါသည်။

(၁) Plus +
(၂) Classic
(၃) Ocean
(၄) 3–Season
(၅) Leaf

## အစုရှယ်ယာလျှော့ချကြောင်းကြော်ငြာခြင်း

ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၁၉)တွင် ဖွင့်လှစ်ထားသော Nysing Flowers Company ၊ မှတ်ပုံတင်အမှတ်(106368856)သည် ၈-၇-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်သည့် ကုမ္ပဏီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာအရေအတွက် ၁၁၀၀(တန်ဖိုးကျပ်သိန်း ၁၁၀၀)မှ အစုရှယ်ယာအရေအတွက် ၁၀၀ (တန်ဖိုးကျပ်သိန်းတစ်ရာ)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

## ပျောက်ဆုံး

ကျွန်မ ဒေါ်သန်းသန်းရှိန် [၁၂/ပဇတ(နိုင်)၀၁၅၆၅၃] မှတ်ပုံတင်မှာ လမ်းသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်-

ကျေးဇူးဆပ်ပါမည်။
ဖုန်း ၀၉- ၅၁၃၃၀၃၆၊
၀၉- ၅၁၁၃၀၁၃၊
၀၁-၂၉၉၄၆၉

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ထိုင်းနိုင်ငံ၊ 43 Thai CC Tower, 33rd Floor, South Sathorn road, Yannawa, Sathorn, Bangkok တွင် တည်ရှိပြီး ထိုင်းနိုင်ငံ၏ ဥပဒေများနှင့်အညီ တည်ထောင်ထားသော **SIAM ROPE & NET CORPORATION LIMITED** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ၏တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ် - ၁၁၆၁/၂၀၂၀

အဆိုပါကုန်အမှတ်တံဆိပ်ကို **အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ် အမျိုးအစားအုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက်သတ်မှတ်ချက် ၂၂** တွင်ပါဝင်သော **ကြိုး** တွင် အသုံးပြုမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်ပြီး ကုန်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများနှင့် အသိဉာဏဆိုင်ရာပစ္စည်းအခွင့်အရေးများကို **SIAM ROPE & NET CORPORATION LIMITED** မှပိုင်ဆိုင်ကြောင်းကြေညာအပ်ပါသည်။ SIAM ROPE & NET CORPORATION LIMITED သည်၎င်း၏ အသိဉာဏဆိုင်ရာပစ္စည်းများနှင့် အခြားသော ဥပဒေကြောင်းဆိုင်ရာအရ ရရှိထားသောအခွင့်အရေးများကို ချိုးဖောက်သည့် မည်သူကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲ ဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**SIAM ROPE & NET CORPORATION LIMITED** ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မျိုးမျိုးအေး LL.B, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၃၃)
**Tilleke & Gibbins Myanmar Ltd.**
အမှတ်၁၆၀၈၊ ၁၆လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
အီးမေးလ် - myanmar@tilleke.com

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ထိုင်းနိုင်ငံ၊ 43 Thai CC Tower, 33rd Floor, South Sathorn road, Yannawa, Sathorn, Bangkok တွင် တည်ရှိပြီး ထိုင်းနိုင်ငံ၏ ဥပဒေများနှင့်အညီတည်ထောင်ထားသော **SIAM BROTHERS CORPORATION LIMITED** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ၏တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ် - ၁၁၆၂/၂၀၂၀

အဆိုပါကုန်အမှတ်တံဆိပ်ကို **အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ် အမျိုးအစားအုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက်သတ်မှတ်ချက် ၂၂** တွင်ပါဝင်သော **ပိုက်ကွန်** တွင်အသုံးပြုမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်ပြီး ကုန်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများနှင့် အသိဉာဏဆိုင်ရာပစ္စည်းအခွင့်အရေးများကို **SIAM BROTHERS CORPORATION LIMITED** မှပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ SIAM BROTHERS CORPORATION LIMITED သည် ၎င်း၏ အသိဉာဏဆိုင်ရာပစ္စည်းများနှင့်အခြားသော ဥပဒေကြောင်းဆိုင်ရာအရ ရရှိထားသောအခွင့်အရေးများကို ချိုးဖောက်သည့် မည်သူကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**SIAM BROTHERS CORPORATION LIMITED** ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မျိုးမျိုးအေး LL.B, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၃၃)
**Tilleke & Gibbins Myanmar Ltd.**
အမှတ်၁၆၀၈၊ ၁၆လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
အီးမေးလ် - myanmar@tilleke.com

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးကျော်မြတ်လွင် (ဘ)ဦးသန့်ဇင်[၁၀/မလမ(နိုင်)၁၅၇၆၀၇]သည် လန်းဆန်းအမည်ဖြင့် ယိုမျိုးစုံနှင့် စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကျော်မြတ်လွင်
ဖုန်း-၀၉- ၅၃၂၁၈၄၂

ခြေတွက်များဈေးကောင်းပေးဝယ်ယူသည်
ခုံပြိုဥာဏ် (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
ခြေတွက်များဝယ်ယူသည်။
အိမ်အရောက် ငွေချေနိုင်၊ ပွဲစပေးရန်မလို
ဖုန်း 01-7339310,01-7339355,
Ph:01-7578044 ,01-7570721

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်စားသွားချကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပဲဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်ခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခံ စွဲ နိုင်ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းဆိုင်ခန်း(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းကြီး၊ မြန်မာ့ရေနံဆောင်ဘတ်စ်ဂိတ်၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းဆိုင်ခန်း(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗျူဟာလမ်း။
Ph: 09-5425251, 09-73225484

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| (က) ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊၂၁၆၀၀၀ိ-၂၀၀၀-၂၂၆၀၀၀ိ) | (၁၄)နေရာ | B.Comm.H, B.Sc(Engineering) Food Technology, M.Sc(Industrial Chemistry), Post Graduate Diploma in Food Technology,(B.V.S),M.Sc(Biochemistry), M.Sc(Food Biotechnology) |
| (ခ) ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး) (လစာနှုန်း၊၂၁၆၀၀၀ိ-၂၀၀၀-၂၂၆၀၀၀ိ) | (၁၅)နေရာ | B.Pharm |
| (ဂ) ဓာတ်ခွဲခန်းကျွမ်းကျင်-၄ (လစာနှုန်း၊၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၂၀)နေရာ | Grade II (Laboratory Technician) အောင်မြင်ပြီးသူ/တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဃ) အငယ်တန်းစာရေး (လစာနှုန်း၊၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၈)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (င) ရုံးအကူ/စာပို့ (လစာနှုန်း၊၁၄၄၀၀၀ိ-၂၀၀၀-၁၅၄၀၀၀ိ) | (၃၁)နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရပါမည်။ |
| (စ) လုပ်သား(ဓာတ်ခွဲ) (လစာနှုန်း၊၁၄၄၀၀၀ိ-၂၀၀၀-၁၅၄၀၀၀ိ) | (၈)နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရပါမည်။ |
| (ဆ) အစောင့် (လစာနှုန်း၊၁၄၄၀၀၀ိ-၂၀၀၀-၁၅၄၀၀၀ိ) | (၁၁)နေရာ | အခြေခံပညာမူလတန်း အောင်မြင်ပြီးသူဖြစ်ရပါမည်။ |
| (ဇ) သန့်ရှင်းရေးအကူ (လစာနှုန်း၊၁၄၄၀၀၀ိ-၂၀၀၀-၁၅၄၀၀၀ိ) | (၁၃)နေရာ | အခြေခံပညာမူလတန်း အောင်မြင်ပြီးသူဖြစ်ရပါမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ခုနှစ်၊တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်-

(က) ပညာအရည်အချင်းထောက်ခံချက်
(၁) အမှတ်စဉ်(က)မှ(ဃ)အထိအတွက်ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့်အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ။
(၂) အမှတ်စဉ်(င)အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ။
(၃) အမှတ်စဉ်(စ)အတွက်အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ။
(၄) အမှတ်စဉ်(ဆ)နှင့်(ဇ)အတွက် အခြေခံပညာမူလတန်းအောင်မြင်ကြောင်း ထောက်ခံချက်လက်မှတ်မိတ္တူ။
(ပညာအရည်အချင်းထောက်ခံချက်အတွက် အောင်လက်မှတ်ကို မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ခ) တာဝန်ကျရာမည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော(၃)လက ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်
(ဃ)(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ၊ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
(င) အမှတ်စဉ်(၁)(က)မှ(ခ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသည့်လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။
(စ) အမှတ်စဉ်(၁)(ဂ)မှ(င)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ်(၂)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။
(ဆ)အမှတ်စဉ်(၁)(ဂ) ဓာတ်ခွဲခန်းကျွမ်းကျင်(၄)ရာထူးသို့ လျှောက်ထားသူများအား ၎င်းရာထူးနေရာများကို ကျောထောက်နောက်ခံပြု၍ လစာနှုန်း၊၁၃၅၀၀၀ိ-၂၀၀၀-၁၄၅၀၀၀ိ ရာထူးနေရာတွင် အလုပ်သင်အဖြစ် စတင်ခန့်ထားမည် ဖြစ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်တွင်အသက်(၃၀)နှစ်မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို (၁၅-၈-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံးဝ)လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေ/နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ Food and Drug Administration Facebook, www.fda.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနရုံး၊ ဖုန်းနံပါတ်-၀၆၇၃-၄၀၃၁၇၁၊ ၀၆၇၃-၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ကန်ထရိုက်တာ ဦးကျော်လှ [၁၂/မဂဒ(နိုင်)၁၁၅၄၅၀]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅/ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်-၃၆၀ နေ ဦးဇော်ဝင်း [၁၂/သကတ(နိုင်)၀၄၇၉၉၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် (၂-၁၀-၂၀၁၃)နေ့စွဲဖြင့် အခန်းပေးအခန်းယူ ကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

သို့သော် (၇)နှစ်ကျော်သည့်တိုင်အောင် လူကြီးမင်းမှ စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်သဖြင့် ကျွန်ုပ်မိတ်ဆွေဘက်မှ စာချုပ်အား အပြီးအပိုင်ဖျက်သိမ်းလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေ တရားဝင်ဥပဒေနှင့်အညီ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၉၂၀/၁၃)အား (၉-၇-၂၀၂၀)ရက်တွင် ရုပ်သိမ်းပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေထံမှ ရယူသွားခဲ့သည့် **ဒေါ်သန်းခင်** အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် စာချုပ်(မူရင်း)အား လူကြီးမင်းနှင့် ဂရန်လက်ဝယ်ရရှိထားသူများသည် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ပေးအပ်ရန်တောင်းဆိုလိုက်ပါသည်။

အကယ်၍ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွီးစ်မာရီ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၃၃၉)**

**ဒေါ်စန်းစန်းဝင်း**
**B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၉၈၆)**
**တိုက်-၁ (A)၊ အခန်း-၁၀၄၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၉၉၈၂၊ ၀၉-၇၉၅၅၄၂၃၈၆**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂ တိုးချဲ့၊ မြေကွက်အမှတ်-၁၅၄၊ (အလျား ၄၀ပေXအနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂-ရပ်ကွက်၊ ဦးကြင်ဥလမ်း(တော်ဝင်လမ်း)၊ အမှတ်(၁၅၄) မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာစိုး [၁၀/မလမ(နိုင်)၀၉၁၅၅၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B,A.G.T.I (EP), D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**

**ဦးဇေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**
**ဦးစိုးလွင်ဦး (Ll.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ် (၃၁)၊ (၃-လွှာ)၊ (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းအား ဒေါ်မြမြစန်း [၁၂/မရက(နိုင်)၀၄၇၆၈၉]မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း (KMBE -၀၀၁၅၉၈) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ**

**ဦးနိုင်ဝင်း(LL.B) (အထက်တန်းရှေ့နေ) (စဉ်-၅၀၀၉၈)**
**အမှတ်(၂၁၆)၊ (ခ/၂)ပထမထပ်၊ (၃၆)လမ်း(အပေါ်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၂၆၀၆၁၀၁၃၃**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လှည်းကူးမြို့နယ်တရားရုံး
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၀

ဒေါ်ချိုတီ — နှင့် — ၁။ ဦးသိန်းထိုက်အောင်
၂။ ဒေါ်ခင်မာဝင်း

**(တရားလို)** — **(တရားပြိုင်များ)**

လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာ၊ တာဆုံပိုင်း၊ မိသားစုလက်ဖက်ရည်ဆိုင်နေ (၁)ဦးသိန်းထိုက်အောင်(ဘ)ဦးအဒူလာ၊ (၂)ဒေါ်ခင်မာဝင်း(အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အုတ်ဖိုးကျန်ငွေ (၂၅၉၂၀၀/-)ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၇ရက်၊ (၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ရက်)၊ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးအိ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
လှည်းကူးမြို့နယ်တရားရုံး

---

## (၁)လပြည့် အထူးဝမ်းနည်းကြေကွဲခြင်း
## ဘဒ္ဒန္တဇနိတာလင်္ကာရ
## သိက္ခာတော် (၆၇) ဝါ၊ သက်တော် (၈၆) နှစ်

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏ မဟာနာယကချုပ် မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်ကြီးနှင့် ဓမ္မရိပ်သာကြီးများ၏ ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော်ကြီးသည် ၁၀-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကြီးတန်-ဒေါ်မြင့်မြင့်**
**သား၊ သမီး၊ မြေး တစ်စု**
**ဘုရင့်နောင်ပွဲရုံ**

---

## ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေကန်၊ ဇရပ် ဒါယကာကြီး

## ဦးစိုးမြင့် (B.A, B.L, DMA)
## အသက် (၈၂) နှစ်

၂၆-၆-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားသော ဦးစိုးမြင့် မမာမကျန်းဖြစ်စဉ်က ပရိတ်တရားတော်ချီးမြှင့်ပေးတော်မူသော ဥက္ကလာသီရိပရိယတ္တိစာသင်တိုက်မှ ပဓာနနာယကဆရာတော် အရှင်ဦးဩဘာသာဘိဝံသအား လည်းကောင်း၊ ဗဟန်း (၁)လမ်း၊ ရွှေကြာရုံသီလရှင်စာသင်တိုက်မှ ဆရာကြီးဒေါ်စန္ဒာသိင်္ဂီနှင့် ဆရာကြီး ဒေါ်အမတဝတီနှင့် ဆရာလေးများ၊ မမာမကျန်းဖြစ်စဉ် အထူးကြပ်မတ်ကုသစောင့်ရှောက်ပေးပါသော OSC ဆေးရုံမှ အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာ ခင်ဖြူပြာ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာသန့်ဇင်အောင်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာခင်ကျော်မင်း၊ အာဟာရဆရာဝန်ကြီး ဒေါက်တာခင်မေတ္တာမိုးစံနှင့် ဆရာဝန်၊ ဆရာမများ၊ ICU မှ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိဘသဖွယ်စောင့်ရှောက်ပေးကြသော ဦးစိုင်းအောင်ထွန်း (နိုင်ငံတော်ကောင်စီဝင်-ငြိမ်း)နှင့် ဇနီး ဒေါ်နန်းနွံ၊ ဦးညွန့်ဆွေ (ဒုတိယဝန်ကြီး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန/အဖွဲ့ဝင်-ငြိမ်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)နှင့် ဇနီး ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း၊ တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ပေးပါသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လှူဖွယ်သက်န်းများ ပေးပို့ပါသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဝန်ထမ်းများ၊ ဦးသန့်ကျော်(ဒုတိယဝန်ကြီး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်အိအိခင်အေး၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဂျကာတာမြို့၊ လာရောက် သတင်းမေးမြန်းပါသော ရန်ကုန်တိုင်းစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးနှင့်ဇနီး၊ ဝမ်းနည်းကြောင်းစာလွှာများပေးပို့သည့် နိုင်ငံအသီးသီးမှ သံအမတ်ကြီးများ၊ ဂျီနီဗာမြို့ မြန်မာအဖွဲ့ရုံးမှ မိသားစုများ၊ ပန်းခြင်းများပေးပို့လာသည့် ညွှန်ကြားရေးမှူးချုပ် (သံတမန်)၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (သံတမန်)နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မိသားစု၊ ကူဝိတ်မြန်မာသံရုံးမှ သံမှူးကြီးနှင့် မိသားစု၊ ပန်းခြင်းများပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

နာရေးသို့ လိုက်ပါပို့ဆောင်သည့် အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ၊ သီပေါအသင်း (ရန်ကုန်) မြန်မာ့ကုန်တိုက်ဝန်ထမ်းဟောင်းများ၊ JETRO မိသားစု၊ အိမအိဇူမိပညာရည်ချွန်ဆုအသင်း (ရန်ကုန်) Galaxy ဟိုတယ်ပိုင်ရှင် ဦးဘိုဘိုအောင်ကြည်နှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သတင်းမေးမြန်းကြသော ပုဂ္ဂိုလ်များ၊ တူ၊ တူမများအားလုံး အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစုများ**
- **ဒေါ်ခင်နန်းမြင့် (Rose)(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ Tai House၊ သီပေါမြို့)**
- **ခွန်ကောင်းမြင့် (စီမံကိန်းမန်နေဂျာ၊ Imasa Product Corporation)**
- **နန်းဆိုင်စန္ဒီ-ဦးကျော်မိုးထွန်း (သံအမတ်ကြီး/မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)**
- **ခွန်သူရိန်(ဒုဦးဆောင်ညွှန်ကြားရေးမှူး၊ JETRO(ရန်ကုန်)+ အိုကူရာယိုရှီကို**

---

## သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ငြိမ်း) (မြိတ်)

ကြည်း-၇၃၇၈၊ ဗိုလ်သင်တန်းအမှတ်စဉ် (၁၆)

ဦးစီးအရာရှိ (ပထမတန်း) စစ်ရေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် (ငြိမ်း)

### အသက် (၈၂) နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ (ဦးပျိုသိမ်းအုံ-ဒေါ်ချမ်းရွှေ)တို့၏သား၊ (ဦးနွဲ့အုံ-ဒေါ်ထွန်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၆)၊ ယုဇနလမ်း၊ (၃၀) ရပ်ကွက်၊ သုဝဏ္ဏနေ (ဒေါ်တင်နွယ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းယု၊ ဦးနေစိုး-ဒေါ်စန္ဒာဝင်း၊ (ဦးစိုးသူ)-ဒေါ်နွယ်နှောင်းဝင်း၊ ဦးသန့်စင်-Dr.ခိုင်သီသီဦး၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှမ်း

### အသက်(၉၀)

အမှတ် (၂၂၉)၊ အောင်တံခွန် (၃)လမ်း၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးဖိုးခွေး-ဒေါ်ထောင်)၏ သမီးကြီး၊ (ဦးရှောင်ဟုတ်-ဒေါ်အိ)၏ သမီးချွေးမ၊ (ဦးလာဝါး)၊ ဦးစိန်မောင်-(ဒေါ်လွဲရင်)တို့၏ အစ်မကြီး၊ (ဒေါ်ခင်ပြုံးမော်-ဦးသိန်းအောင်)၊ ဒေါ်ရှုဝါး၊ ဒေါ်ဘိဘိတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးမျိုးအောင်၊ ဒေါ်မူမူပြုံး၊ ကိုသက်ထွန်းဦး-မဝင်းဝင်းပြုံး၊ မသွဲ့သွဲ့ငွေး၊ မစုစုလှိုင်-ကိုအိုက်ရီ၊ မယုယုသိမ့်၊ ကိုဆွေလှိုင်ထွဋ်-မတင်ဇာဝင်းတို့၏ အဘွား၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီး၊ (ဦးခေတ်မောင်)၏ဇနီး ဒေါ်ရှမ်းသည် ၁၅-၇-၂၀၂၀ ရက် နံနက် ၈:၁၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချစ်ဦး (ဧလော)

ဌာနမှူး(ငြိမ်း)၊သင်တန်းရေးရာဌာန၊အဝေးသင်တက္ကသိုလ်၊

ရန်ကုန်

### အသက် (၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်(၅၁)၊ တိုက်(၂၁)၊ သုံးလွှာနေ (ဦးအေးမောင်-ဒေါ်ကြည်)တို့၏သားကြီး၊ (ဦးဘိုးကောင်း-ဒေါ်ဥလေး)တို့၏သားသမက်၊ (ဒေါ်ကြည်ကြည်စိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ ဒေါက်တာစပယ်ဖြူ (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေး-၂၊ အထူးကုဆေးရုံ-ဝေဘာဂီ)၊ ဦးမျိုးဝင်းလှိုင် (ဦးပညာဝံသ၊ ဗုဒ္ဓဝင်)-ရဟန်းအမ ဒေါ်ဇာနီနီလွင် (ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးဘုန်းလှိုင်၊ ဦးအောင်မင်းထွေး-ဒေါက်တာမီမီသက်ဦး(အထူးကုဆရာဝန်ကြီး၊ မော်လမြိုင်ဆေးရုံကြီး)တို့၏ချစ်လှစွာသောဖခင်၊ မောင်ညီအုပ်စိုး၊ မောင်သန့်ဘုန်းသော်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၂:၀၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးနေစိုး၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့် (ငြိမ်း)သည် ၁၆-၇-၂၀၂၀ ရက်နေ့တွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၅)မှ**
**သူငယ်ချင်းများ**

---

အနိစ္စ

သင့်

သွေးဖြင့်

အသက်ကယ်ပါ

---

မြစ်ခြေနယ်အသင်း (ရန်ကုန်)

## ဒေါ်ဝင်းကြည်

### အသက် (၆၃) နှစ်

မြစ်ခြေနယ်အသင်း (ရန်ကုန်) ၏ နာယက ဦးရဲနိုင် (အသင်းဝင်-၁၇၈)၏ဇနီး၊မမြတ်စုစုစံ၊မမင်းမင်းချယ်ရီတို့၏မိခင် ဒေါ်ဝင်းကြည်သည် ၁၅-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

## ဦးသန်းထွန်း

မြို့မကျောင်းသားဟောင်း

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါး/တောင်ရပ်ကွက်၊ ဆာဖိုးသာခြံ၊ ဥယျာဉ်လမ်း၊ အမှတ်(၄၂)နေ ဒေါ်မာလာ၏ ခင်ပွန်းသည် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပြီး ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်ဝင်း

### အသက် (၇၈) နှစ်

---

ဒေါ်ခင်ဝင်း

ဦးစီးအရာရှိ (ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်

### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၂၄)၊ အခန်း(၃၁)နေ (ဦးဝင်းမောင်-ဒေါ်သန်းတင်)တို့၏သမီးငယ်၊ ဦးအောင်ညွန့်-ဒေါ်ကြင်ဝင်း၊ (ဦးဝင်းကြည်)-ဒေါ်ညိုညိုဝင်းတို့၏ညီမ၊ (ဦးမြင့်ဝင်း)-ဒေါ်ခင်ထွေးဝင်း၊ ဦးကျော်ဝင်း(စာရင်းစစ်-ငြိမ်း)၊ ဦးနေဝင်းတို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊မြေးသြယောက်တို့၏ဘွားလေးသည် ၁၄-၇-၂၀၂၀ (အင်္ဂါနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၇-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှမ်း

### အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၇၃)၊ ကိုင်းတန်းလမ်းနေ (ဦးဖိုးခွေး-ဒေါ်ထောင်)၏ သမီး၊ (ဦးလာဝါး)၊ ဦးစိန်မောင်-(ဒေါ်လွဲရင်)တို့၏ အစ်မကြီး၊ဦးကြီးခင်-ဒေါ်ဝင်းဝင်းနွယ်၊ဦးသိဟမောင်-ဒေါ်ခင်သန္တာမြင့်၊ဒေါ်ဘေဘီနွဲ့၊ ဦးအောင်သူလွင်-ဒေါ်ဖြူဖြူစိန် (အင်္ဂလန်)တို့၏ အဒေါ်၊ ကိုနိုင်လင်းဦး-မမြဝတ်ရည်သန့်၊ ကိုမိုးမြင့်အောင်-မမြဝတ်မှုန့်သန့်၊ မဝင်းထက်သူ၊ မောင်ဟိန်းထက်အောင်တို့၏အဘွား ဒေါ်ရှမ်း အသက်(၉၀)သည် ၁၅-၇-၂၀၂၀ရက် နံနက် ၈:၁၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းအပ်ပါသည်။ [အမှတ်-၂၂၉၊ အောင်တံခွန် (၃)လမ်း၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသက်ထွန်း

လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တော

အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး (ငြိမ်း)

### အသက် (၆၂) နှစ်

[ဦးသာမြ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ (ဦးဘုန်းကျော်-ဒေါ်နှင်းခင်)တို့၏သားသမက်၊ ဒေါ်နှင်းနှင်းရီ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော်(တတိယနှစ်၊ ဥပဒေ)၊ မယမင်းသက်တို့၏ဖခင်သည် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ (၃)လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်(၃၁)၊ အခန်း(၂၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ကြည်း-၁၀၈၅၆ ဒုတိယဗိုလ်မှူးကြီး ခင်စိုး (ငြိမ်း)

ဗိုလ်သင်တန်း (၃၄)၊ သီဟ(၆၈)

နာယက သီဟတေဇ ညီအစ်ကိုများ အမှုဆောင်အဖွဲ့

### အသက် (၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်တင်၏ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးခင်စိုး (ငြိမ်း)သည် ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီဟတေဇညီအစ်ကိုများ**

---

## ဒေါ်လှလှဝင်း (ကန်တော်ကလေး)

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၈၄)လမ်း၊ အမှတ်(၁၂၈)နေ (ဦးစိန်ဝင်း-ဒေါ်ဖွားကြည်)တို့၏သမီး၊ ဦးကိုကိုကြီး၏ဇနီး၊ (ဦးခင်မောင်ဝင်း)-ဒေါ်နန်းခမ်းဆာတို့၏ညီမ၊ ဦးဝင်းနိုင်-ဒေါ်မြမြဝင်း၊ ဦးသန်းငွေး-ဒေါ်သိန်းသိန်း၊ ဦးမျိုးသင်း-ဒေါ်မူမူဝင်း၊ ဦးမြင့်စိုး၊ ဦးနိုင်ဝင်း-ဒေါ်သန်းသန်းလှိုင်၊ ဦးချစ်တင်-ဒေါ်ဝါဝါဝင်း၊ ဒေါ်ဥမ္မာဝင်းတို့၏အစ်မကြီး၊ ဦးကျော်စွာဝမ်း၊ (ဦးဖြိုးဝေအောင်)-ဒေါ်သီရိဝင်း(စည်ပင်အခွန်ဌာန)၊ ဦးဟိန်းကိုကို-ဒေါ်နီလာဦး (ဝိတိုရိယဆေးရုံ)၊ ဦးဥက္ကာစိုး-ဒေါ်အိရွှေစင်(The Global New Light of Myanmar သတင်းစာတိုက်)တို့၏မိခင်၊ မြေး ငါးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၆-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၈၄)လမ်း၊ အမှတ်(၁၂၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

## ဦးသက်ထွန်း

လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တော

အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး (ငြိမ်း)

### အသက် (၆၂) နှစ်

[ဦးသာမြ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ ဦးသိန်းဦး-ဒေါ်သန်းသန်းတင့်(ACE Data Systems Ltd)၊ ဦးကျော်မြင့်(ထ/ပြ)-ဒေါ်မြင့်မြင့်သိန်း(လ/ပြ)၊ ဦးကျော်မြိုင်(ဦးစီးအရာရှိ၊ လှိုင်ကော်ခရိုင်၊ ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်စိုးစိုးညွန့်(ဦးစီးမှူး-ငြိမ်း၊ တိုင်းမြေအသုံးချရေးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေး)၊ (Shop Manager, Synergy Nutrition)တို့၏မောင်၊ ဦးတင်ထွန်း-Waraporn Juthakorn[System Support Manager, iGroup (Asia Pacific) Ltd]၊ ဦးသန့်ဇော်-ဒေါက်တာဆွေဆွေရည်ကိုတို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာဦးကိုကိုလှ

### အသက် (၈၀)

ဆရာကြီး ဒေါက်တာဦးကိုကိုလှသည် ၃-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာကြီး၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ ခုနှစ် ဆေးတက္ကသိုလ် (၁) ဝင်**
**တပည့်ကျောင်းသား/ကျောင်းသူများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည်

### အသက် (၆၇) နှစ်

ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်ရွှေကြည်)တို့၏သမီး၊ (ဦးအောင်ခင်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဦးလှဝင်း-(ဒေါ်သန်းသန်း)၊ (ဒေါ်တင်ဝင်း)တို့၏ညီမ၊ ဦးကျော်ဝင်း(ပြန်ကြားရေးဝန်ကြီးဌာန-ငြိမ်း)၏အစ်မ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ (၄၅) လမ်း၊ အမှတ်(၁၄၆)နေ ဦးစန်းတင့်၏ဇနီး၊ ကိုဝင်းရွှေဦး-မမြတ်မြတ်စိုး၊ ကိုအောင်ဇင်ဖြိုး-မခင်ရီရီဝင်းတို့၏မွေးသမိခင်၊ မောင်ကောင်းဆက်လင်း၏အဘွားသည် ၁၅-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချစ်ဦး (ဧလော)

ဌာနမှူး (ငြိမ်း)၊ သင်တန်းရေးရာဌာန၊ အဝေးသင်တက္ကသိုလ်၊

ရန်ကုန်

### အသက် (၈၀)

ပါမောက္ခဒေါက်တာစပယ်ဖြူ (အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်နှင့် အတွင်းရေးမှူး၊ မြန်မာ HIV ဆေးပညာအဖွဲ့)၏ဖခင် ဦးချစ်ဦးသည် ၁၅-၇-၂၀၂၀ ရက် နံနက်၂:၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Society of HIV Medicine**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးငွေးဝင်း (ငြိမ်း) (တပ်မတော်-ရေ)-ဒေါ်ခင်မြင့်တို့၏သား ကိုစိုးလင်းထိုက် အသက် (၃၇) နှစ်သည် ၁၅-၇-၂၀၂၀ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် (ရေ) စက်မှုလက်မှုအရာရှိများ**

---

## (၁၁) နှစ်ပြည့်အလွမ်း

## ဒေါက်တာအာကာဇော်ဝင်း (ခ) မိုဟာမက်ရဖီး

**သားလေးရေ**

မိသားစုအသိုက်အမြုံလေး ပျက်စီးသွားခဲ့ရတာ (၁၁) နှစ်တိုင်ခဲ့ပါပြီ။ တစ်နေ့ တစ်ရက်တောင် မမေ့နိုင်ခဲ့ပါဘူး သားရယ်။ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုကို မိသားစုအားလုံး ခံစားနေရဆဲပါ သားလေးရယ်။

သားအတွက်လစဉ် (၁၇)ရက်နေ့တိုင်း သုဝဏ္ဏအိမ်မှာ ကုရ်အာန်ခသမ်ဖတ်ရွတ်ပြီး အဘိုးရိပ်သာနဲ့ အဘွားရိပ်သာမှာ လစဉ်အလှူပြုပေးနေပါတယ်။

ဒီနေ့လည်း နှစ်စဉ်လှူနေကျ ဦးလှထွန်း (မေတ္တာရိပ်မွန်)ကင်ဆာဖောင်ဒေးရှင်းနှင့် မွတ်စလင်ကုသိုလ်ဖြစ် ဆေးရုံမှာ သားလေးအတွက် လှူဒါန်းပေးပါတယ်။

ဤအကျိုးခဝါဗ်တွေကို သားနဲ့အတူ သားရဲ့အဘိုး ဦးကျော်ညွန့်၊ အဘွား ဒေါ်လှမြင့်နဲ့ သားရဲ့အချစ်ဆုံး ဦးနိုင်တို့အတွက်ပါ အလ္လာအသျှင်မြတ်ပေးသနားတော်မူပါစေ။

**ကျန်ရစ်သူမိသားစု (သုဝဏ္ဏ)**

---

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ

# ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၅၀၀ ကျပ်တန် ငွေစက္ကူပုံစံသစ်၏ ပုံသဏ္ဍာန်နှင့် အမှတ်အသားများ




၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန် ငွေစက္ကူပုံစံသစ်၏မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံနှင့် ကျောဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အဦပုံ ရိုက်နှိပ်ထားပါသည်။ ငါးရာကျပ်တန် ငွေစက္ကူပုံစံသစ်အရွယ်အစားမှာ အလျား ၁၅၀ မီလီမီတာနှင့် အနံ ၇၀ မီလီမီတာရှိပါသည်။ ပေါ်လွင်သောအရောင်မှာ နီညိုရောင်ဖြစ်ပါသည်။

ငွေစက္ကူဆေးသားရိုက်နှိပ်ရာတွင် ဖောင်းကြွပုံနှိပ်နည်းစနစ်ဖြင့် ရိုက်နှိပ်ထားသည့်အတွက် ငွေစက္ကူ၏ တန်ဖိုးဂဏန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာသားနေရာများသည် ပီပြင်ထင်ရှားသည့်အပြင် လက်ဖြင့်စမ်းသပ်ကြည့်ပါက ကြမ်းတမ်းမှုရှိကြောင်း တွေ့ရှိရပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက်ရိုက်နှိပ်ထားပါသည်။

ငွေစက္ကူ၏မျက်နှာစာဘက်ရှိ ဘယ်/ညာအစွန်းများတွင် အမြင်အာရုံအားနည်းသူများအတွက် လက်ဖြင့်ထိတွေ့စမ်းသပ်ကြည့်ပါက အာရုံခံသိရှိနိုင်သည့် ဖောင်းကြွလိုင်းတို မျဉ်းကြောင်းငယ်(၉)ကြောင်းစီ ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူပုံစံသစ်ကို အလင်းရောင်တွင် ထောင်ကြည့်ပါက ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ၏ လက်ဝဲဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ငွေစက္ကူ၏တန်ဖိုး ဂဏန်း ၅၀၀ ရေစာကို ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။

ငွေရောင်လုံခြုံရေးကြိုးအား တစ်ဝက်ဖုံးတစ်ဝက်ပေါ် ဒေါင်လိုက်မြှုပ်နှံထားပါသည်။ ငွေစက္ကူမျက်နှာစာ၏ လက်ယာဘက်ရှိ မြန်မာစာသား "ငါးရာကျပ်" နံဘေး နီညိုရောင်ဧရိယာအား ၄၅ ဒီဂရီခန့် တိမ်းစောင်းကြည့်ပါက အင်္ဂလိပ်အက္ခရာ "CBM" များကို တွေ့မြင်နိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန်ငွေစက္ကူပုံစံသစ်အား ရုံးဖွင့်ရက်ဖြစ်သော (၂၁-၇-၂၀၂၀)ရက်နေ့မှစ၍ ဘဏ်များမှ ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။ လက်ရှိသုံးစွဲလျက်ရှိသော ငါးရာကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

## ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ ဇူလိုင် ၂၈ ရက်တွင် ကျင်းပရန် လျာထား

ရန်ကုန် ဇူလိုင် ၁၆

ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇူလိုင် ၂၈ ရက်တွင် ပြန်လည်ကျင်းပနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပြီးခဲ့သည့်ရက်ပိုင်းက လာရောက်စစ်ဆေးပြီးနောက် မြန်မာနေရှင်နယ်လိဂ်သည် ပြိုင်ပွဲကျင်းပနိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် ပြိုင်ပွဲများ အမြန်ဆုံးပြန်လည်စတင်ကျင်းပနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထပ်ဆင့်ညွှန်ကြားမည့်လမ်းညွှန်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည့်အပြင် ဘောလုံးပြိုင်ပွဲများ အမြန်ဆုံးပြန်လည်စတင်ကျင်းပနိုင်ရန် နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုချက်ရရှိသည်နှင့် ပြိုင်ပွဲစတင်ကျင်းပမည့်နေ့ရက်နှင့် ပွဲစဉ်ဇယားအသေးစိတ်ကို ထပ်မံအတည်ပြုထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ပြည်တွင်းပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် မြန်မာနေရှင်နယ်လိဂ်နှင့် ကလပ်အသင်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပရန် ပွဲစဉ်ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက AFC Cup ပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံခွင့်ရရှိမည့်အခြေအနေများ၊ မြန်မာ့လက်ရွေးစင် အသင်း၏ နိုင်ငံတကာပြိုင်ပွဲများနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များနှင့် ရှုံးထွက်ပွဲစဉ်များကို ကျင်းပရန် စီစဉ်ထားရာတွင် Plan A အဖြစ် ဇူလိုင် ၂၈ ရက်တွင် MNL စီနီယာလိဂ်ပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲကို ဇူလိုင် ၂၈ ရက်၊ MNL-2 (ပထမတန်း) ပြိုင်ပွဲကို ဩဂုတ် ၁ ရက်တွင် ပြန်လည်ကျင်းပနိုင်ရန် စီစဉ်ထားသည်။

ရှိုင်းထက်ဇော်

## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၈ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇူလိုင် ၁၆

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ယမန်နေ့ ညနေ ၆ နာရီတွင် ၂၈ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် ၁၀ ဦး စုစုပေါင်း ၃၈ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၈ ဦးတို့မှာ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၄ ဦး တို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်မှတစ်ဦး၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်မှ နှစ်ဦး၊ ဘုတလင်မြို့နယ်မှလေးဦး၊ ဒီပဲယင်းမြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ ၂၈ ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၃၄၇ ဦးနှင့် အမျိုးသမီး ၅၉၃၀ စုစုပေါင်း ၁၃၂၇၇ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

### ကြေးမုံ ယနေ့ ဖတ်စရာ

ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း
စာမျက်နှာ » ၆

မြောက်ကိုရီးယားနှင့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပွန်ပီယို တောင်းဆို
စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်
စာမျက်နှာ » ၁၆